# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၈)


ကာကွယ်ရေး
ဝန်ကြီးဌာန
(၅၁)ကြိမ်မြောက်
မိသားစု
ဘုံကထိန်

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် နှင့် အဖွဲ့ဝင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။** (အောက်ပုံ) (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန(၅၁)ကြိမ်မြောက် မိသားစုဘုံကထိန်တက်ရောက်၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

ကာကွယ်ရေးဝန်ကြီးဌာန(၅၁)ကြိမ်မြောက် မိသားစုဘုံကထိန်ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမဥ္စကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၃ ကော်လံ ၁ ✻**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

# တရုတ်–အာဆီယံ ထိပ်သီးဆွေးနွေးပွဲ အကျိုးရလဒ်ကောင်းများပေါ်ထွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်မြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာရေးတို့ကို ထိရောက်အောင်မြင်စွာ တည်ဆောက် အကောင်အထည်ဖော်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံနှင့် သမိုင်းကြောင်းရှည်လျားစွာ ချစ်ကြည်ရင်းနှီးမှု တည်ရှိခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မိတ်ရင်းဆွေရင်း ညီအစ်ကိုနိုင်ငံများ ဖြစ်ကြပြီး နှစ်နိုင်ငံအကြား မွန်မြတ်သည့် ချစ်ကြည်ရင်းနှီးမှုအစဉ်အလာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘက်စုံ ပိုမိုမြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပသည့် တရုတ်–အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာလ ၂ ရက်နေ့က သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီက–

> **"မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို မြန်မာပြည်သူများကသာ ဖြေရှင်းဆောင် ရွက်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများက ဖိအားပေးအကျပ်ကိုင်၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သည် မြန်မာပြည်၏ မိတ်ဆွေရင်းနိုင်ငံအဖြစ် အမြဲရပ်တည်မည်ဖြစ်ကြောင်း"**

ရှင်းလင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက–

> **"တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများက နိုင်ငံတကာ နယ်ပယ်မှာရော ဒေသတွင်းမှာပါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် နားလည်မှု၊ အားပေးထောက်ခံမှုများ ပြုလုပ်လျက်ရှိသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း"**

ဆွေးနွေး ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ တည်ရှိပြီးဖြစ်သည့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များက နှစ်နိုင်ငံ မိတ်ဆွေရင်းများအဖြစ်တည်ရှိမှုနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၏ လေးနက်မှုများကို ရည်ညွှန်းဖော်ပြလျက်ရှိသည်။

ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေး စနစ်အဖြစ် စနစ်တကျကူးပြောင်းကျင့်သုံးရေး၊ ရည်မှန်းထားသည့်အတိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို နှစ်နိုင်ငံခေါင်းဆောင်များ အလေးထား ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့နှင့်လည်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ နိုဝင်ဘာလ ၃ ရက်နေ့ကကျင်းပသည့် ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ပြခန်းများကို ဝင်ရောက်ကြည့်ရှုအားပေးခဲ့သည်။

သို့ဖြစ်ရာ တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲခရီးစဉ်မှ ပေါ်ထွက် လာခဲ့သည့်အကျိုးရလဒ်ကောင်းများသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်း နိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၇–၁၁–၂၀၀၄**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘူတံဘူတတော ပဿတိ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Biomes (ဒုတိယနှစ်၊ ပထဝီဝင်)
၄:၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း–၁၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ EnglishPremierLeague ဘောလုံးပွဲ Manchester United & Manchester City

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## ကျီးသဲအထက အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ကျီးသဲအထက၏ အာစရိယ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံ စားပွဲကို ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ကျီးသဲမြို့ အထက ပညာ့ဗိမာန် ခန်းမဆောင်၌စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

၁၉၅၃ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ကျီးသဲအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ကျောင်းသားကျောင်းသူဟောင်းများ(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ)ကြွရောက်ပါရန်နှင့် ပူဇော် ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများ မြတ်ဆရာပူဇော်ပွဲသို့ လိုက်ပါဆင်နွှဲကြမည့် ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ကျီးသဲအထက ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းထား ဖုန်း–၀၅၃–၂၅၄၉၀၊ မြို့နယ်ပညာရေးမှူး (ငြိမ်း) ဖုန်း–၀၅၃–၂၅၄၉၀၊ ဦးအောင်သွင်ဦး၊ ဦးဇော်လေး ဖုန်း–၀၅၃–၂၅၄၉၀၊ ဦးသိုက်ထွန်း (ပြည်)ဖုန်း – ၀၅၃–၂၁၉၄၀၁၊ ဦးကြီးမြင့် ဖုန်း–၀၅၃–၂၅၀၈၃၊ ဦးငွေဝင်း (ဂွတ်ဘုရားသား)ဖုန်း–၀၅၃–၂၂၃၈၉၊ ဒေါ်သန်းဆွေ (ရွှေတောင်)ဖုန်း–၂၇၊ ဦးအေးမြင့် (ရန်ကုန်) ဖုန်း– ၀၉–၅၀–၀၁၆၄၄၊ ဦးလှထွန်းဦး ဖုန်း–၀၁–၇၀၇၄၈၆ နှင့် ဦးမြင့်ဒိုး ဖုန်း–၀၁– ၆၅၀၀၅၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## တရားချီးမြှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက ဓမ္မကထိက ဗဟုဇန ဟိတရေ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် နိုဝင်ဘာ ၁၃နှင့်၁၄ရက် ညများတွင် သာကေတမြို့နယ် (၃)ရပ်ကွက် ရန်ပြေလမ်း မာဃဓမ္မာရုံတွင်လည်းကောင်း၊ ၁၆ရက်ညတွင် ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက် ရပ်ကွက်အနောက်ဗဟိုလမ်းတွင်လည်းကောင်း၊ ၁၇၊၁၈ရက်ညများတွင် ပုသိမ်မြို့ မဟာဗောဓိရပ်ကွက် မဟာဗောဓိစေတီတော်တွင်လည်းကောင်း၊၁၉ရက်ညတွင် လှိုင်မြို့နယ် အောင်သစ္စာလမ်းတွင်လည်းကောင်း၊ ၂၀ရက်ညတွင် သာကေတမြို့နယ်(၁)ရပ်ကွက် အနော်မာ ၁၇လမ်း အရှေ့တွင်လည်းကောင်း၊ ၂၁ရက်ညတွင် သာကေတမြို့နယ် (၈)ရပ်ကွက် ရွှေအုတ်ဂူဘုရားလမ်း သဒ္ဓမ္မဝေပုလ္လဓမ္မာရုံတွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟော ကြားတော်မူမည်ဟုသိရသည်။**(က–ပ)**



## အလှူငွေနှင့် လှူဖွယ်ပစ္စည်းများပေးအပ်

**မရမ်းကုန်းမြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်အထက် သက်ကြီး အဘိုးအဘွားတို့အား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ၂၉ရက်က မင်းဓမ္မလမ်းမကြီးနှင့် အောင်သိဒ္ဓိလမ်းထောင့်ရှိ အိန်ဂျယ်စားသောက်ဆိုင်၌ ကျင်းပရာ ကန်တော့ခံ သက်ကြီးအဘိုးအဘွားတို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။**

(က–ပ)

**ရှေ့ဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ အလံပြကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ၊ ကထိန်ခံ စမ်းချောင်းကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ စုစုပေါင်း ၂၇ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး



ကာကွယ်ရေးဝန်ကြီးဌာန (၅၁)ကြိမ်မြောက် မိသားစုဘုံကထိန် အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအောင်မြေဘုံစံဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)





**ဆက်ကပ်လှူဒါန်း**

ကာကွယ်ရေးဝန်ကြီးဌာန (၅၁) ကြိမ်မြောက် မိသားစု ဘုံကထိန် အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဆရာတော်အား ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဆရာတော်အား ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံ ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**စာမျက်နှာ ၇ ကော်လံ ၄**





နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်အား ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးညီလာခံ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ဗန်ကောက် နိုဝင်ဘာ ၅

**ထိုင်းနိုင်ငံသည် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ညီလာခံတစ်ရပ်ကို လာမည့်နှစ်ပတ်အတွင်း၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်လျက်ရှိသည်။**

ဗန်ကောက်ရှိ ကွင်းဆီရီကစ်ကွန်ဗင်းရှင်းစင်တာ၌ နိုဝင်ဘာလ ၁၇ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးညီလာခံသို့ ကမ္ဘာ့တစ်ဝန်းမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် သတင်းထောက် ၄၀၀၀ ကျော် တက်ရောက်မည်ဖြစ်သည်။

အဆိုပါညီလာခံကို ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဂေဟစနစ် စီမံခန့်ခွဲမှုအဖွဲ့ ဖြစ်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသမဂ္ဂ(အိုင်ယူစီအင်)က ကြီးမှူးကျင်းပခြင်း ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး ဆူဝစ်ချန်ကစ်တီ၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက ကိုးကားဖော်ပြသည်။ ၎င်းတွင် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များနှင့် သုတေသန ၅၀၀ ကျော်ရှိပြီး အဖွဲ့ဝင်နိုင်ငံ ၁၄၀ ကျော် ရှိသည်။

ညီလာခံတွင် ပြည်သူနှင့် သဘာဝပတ်ဝန်းကျင်သည် ကမ္ဘာတစ်ခုတည်းသာရှိခြင်းဟူသည့် အကြောင်းအရာကို အဓိကထား ဆွေးနွေးကြမည်ဖြစ်ပြီး သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို လူသားလိုအပ်ချက်များနှင့် မည်သို့ ချိန်ခွင်လျှာညီမျှအောင် လုပ်ဆောင်မည်ကို နည်းလမ်းရှာကြမည် ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ ယခုနှစ်သွင်းကုန်ပမာဏ ဒေါ်လာဘီလီယံ ၅၀၀ဖိုး ရှိမည်

နန်နင်း နိုဝင်ဘာ ၄

**တရုတ်နိုင်ငံ၏ ယခုနှစ်သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ဖိုး ရှိမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုစီလိုင်က နန်နင်း၌ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ တက်ရောက်လာကြသည့် နိုင်ငံခြားဧည့်သည်များအား ပြောကြားသည်။**

ယင်းကုန်စည်ပြပွဲ ကျင်းပစဉ်အတွင်း ဘိုသည် အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မာရီ အယ်လ်ကာပန်ဂျက်စ်တု၊ ဘရူနိုင်း စက်မှုနှင့် ထုတ်ကုန်ရင်းမြစ် ဝန်ကြီး ပီအင်ဒါတို အဗ္ဗဒူရာမန်နှင့် ထိုင်း ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး အန်နုတင်ချာဗီရာကားလ်တို့အား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

## အလွန်အရေးကြီး

တရုတ်နိုင်ငံသည် အာဆီယံနှင့် ၎င်း၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးကြီးကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ တိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘိုက မာရီ အယ်ကာပန်ဂျက်စတုအား ပြောကြားသည်။

## အားပေး

တရုတ်နိုင်ငံသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို အင်ဒိုနီးရှားနှင့် အခြား အာဆီယံနိုင်ငံများနှင့်အတူ တိုက်ရိုက် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နိုင်ရန် အားပေးထားကြောင်း၊ အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အင်ဒိုနီးရှား၏ ကမ်းလှမ်းချက်ကို အလျင်အမြန်စဉ်းစားမည်ဖြစ်ကြောင်း ဘိုက ပြောကြားသည်။

## အရေးပါ

ဒေသဆိုင်ရာ စီးပွားရေးစုစည်းခြင်းသည် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ရေးကို ဖြစ်စေမည်ဖြစ်ကြောင်း၊ ယင်းသည် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးကို အလွန်အရေးပါကြောင်း မာရီအယ်ကာပန်ဂျက်စတုက ပြောကြားသည်။

## လက်မှတ်ရေးထိုး

တရုတ်နှင့် အာဆီယံတို့သည် ကုန်သွယ်မှု လွတ်လပ်သော ဒေသ တည်ဆောက်ရန် မူဘောင်သဘောတူညီချက်ကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလက လက်မှတ်ရေးထိုးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံရှိ ပုစွန်အအေးခန်းစက်ရုံတစ်ရုံ၌ ပြည်ပသို့ တင်ပို့ရောင်းချမည့် ပုစွန်တုပ်များ ထုပ်ပိုးလျက်ရှိသည်ကို နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်များမှရရှိသောဝင်ငွေ ယခုနှစ်အတွက် ဒေါ်လာ ၂၅ဘီလီယံကျော် တိုးရဖွယ်ရှိ

ဟန္နွိုင်း နိုဝင်ဘာ ၅

**ယခုနှစ်၏ ကျန်ရှိသော နှစ်လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိရန် ဗီယက်နမ်နိုင်ငံက ကြိုတင်ခန့်မှန်းထားသည်။**

ရေနံစိမ်း၊ ဖိနပ်နှင့် သစ်သားထည်ပစ္စည်းများကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများကို ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဝင်ငွေတိုးတက်ရရှိဖွယ်ရှိရာ တစ်နှစ်လုံးအတွက် စုစုပေါင်းဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံ ပို့ကုန်ဝင်ငွေတိုးမြင့်ရရှိမည်ဖြစ်ပြီး၊ ယမန်နှစ်ကထက် ၂၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်များထံမှ သောကြာနေ့ကရရှိသော သတင်းအရ သိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ရေနံစိမ်းဈေးနှုန်းသည် နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း၌ မြင့်တက်မြဲရှိမည်ဟု ခန့်မှန်းရရှိထားပြီး ထိုအတောအတွင်း ဗီယက်နမ်နိုင်ငံ၏ ဖိနပ်ပို့ကုန်များသည် ဥရောပသမဂ္ဂ(အီးယူ)၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ထိုင်းနှင့် တောင်ကိုရီးယားတို့တွင် တိုးမြင့်ရရှိမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သားထည်ပစ္စည်းတင်ပို့မှုသည် သိသိသာသာ တိုးမြင့်ဖွယ်ရှိရာ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် အီးယူ၌ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုဈေးကွက်သို့ တင်ပို့ပေးရသော ပြည်တွင်းဖြစ် သစ်သားထည်ပစ္စည်းပို့ကုန်များမှာ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းခဲ့သည့် ကုန်ကြမ်းများဖြင့်ပြုလုပ်ခဲ့သော ပစ္စည်းများဖြစ်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အံ့ဖွယ်ရာ လူ့ခံတွင်းပြခန်း တစ်ရပ် ခင်းကျင်းပြသရာတွင် ကျောင်းသား ကျောင်းသူလေးများ စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြသည်ကို နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်။** (ယင်းပြခန်းသည် အလျား ၁၈၀ မီတာရှည်ပြီး အကျယ် ၅၀၀၀ စတုရန်းမီတာရှိသည်။ လာရောက်ကြည့်ရှုသူများသည် မိမိတို့၏ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို မြင်နိုင်၊ ထိတွေ့ခံစားနိုင်ပြီး ယင်းတို့ကို လေ့လာသင်ယူနိုင်ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# လူ့စွမ်းအားအရင်းအမြစ်များတွင် ထိုင်း ရင်းနှီးမြှုပ်နှံမည်

ဗန်ကောက် နိုဝင်ဘာ ၅

**ထိုင်းနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အချက်အချာပြည့်စုံပြီးမြောက်စေရန် လူ့စွမ်းအားရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

မိမိသည် မိမိတို့၏ထိုင်းနိုင်ငံအတွက် အဖိုးတန်အရည်အချင်းရှိသူ လူ့စွမ်းအားအရင်းအမြစ်အများဆုံး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် စီစဉ်လျက်ရှိကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်က ပညာတတ် ၁၀၀၀ ခန့် ပါရဂူဘွဲ့ လေ့လာသင်ယူပြီးမြောက်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားသည်။ လူ့စွမ်းအားအရင်းအမြစ် ပေါ်ထွန်းရေးသည် ဂရုတစိုက် စီမံခန့်ခွဲရန် လိုအပ်သော ရှားပါးအဖိုးတန် အရည်အချင်း တစ်ရပ်ပင်ဖြစ်ကြောင်း အဆိုပါဝန်ကြီးချုပ်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်က ကြာသာပတေးနေ့တွင် ကိုးကားဖော်ပြသည်။

## တိုက်တွန်းထား

ပြည်သူများ၏ ဗဟုသုတကျယ်ပြန့်စေရေး ကူညီပေးရန် ကွန်ရက်တစ်ရပ်ဖွဲ့စည်း၍ ၎င်းက ပညာရှင်များအား တိုက်တွန်းထားသည်။

ထိုင်းနိုင်ငံသည် နည်းပညာသစ်ရရှိရေးအတွက် ဗဟုသုတပိုင်းတွင် နိုင်ငံများစွာထက် နောက်ကျကျန်ရစ်ခဲ့ရ၍ တန်ဖိုးရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရန်ပုံငွေကောက်ခံရန်လည်း သက်ဆင်က ကတိပြုပြောကြားခဲ့သည်။

## မထိန်းနိုင်

ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရှေးဆန်သော တိုးတက်မှုတစ်ရပ်ဖြစ်ပြီး မူးယစ်ဆေးဝါးများ၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ မှုခင်းများနှင့် လုံခြုံရေးပြဿနာများကဲ့သို့သော လူမှုရေးပြဿနာများကို မထိန်းနိုင်ခဲ့ကြောင်း ချိုင်းပတ်တနာဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူးချုပ် ဆုမက်တန်တိဗ်ဂျာကားက ပြောကြားသည်။

ယင်းကိစ္စအတွက် အဓိကသော့ချက်သည် ပြည်သူများ၏ သာယာဝပြောစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးရေးဟူသည့် လိုအပ်ချက်ပင်ဖြစ်ကြောင်း ဆုမက်က အကြံပြုပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းကာကွယ်ရန် ကျွဲနွားဆေးတစ်မျိုး တီထွင်ထုတ်လုပ်

ဝယ်လ်လင်တန် နိုဝင်ဘာ ၅

**နယူးဇီလန် သိပ္ပံပညာရှင်များသည် ကျွဲ၊နွားတိရစ္ဆာန်သုံး ဆေးတစ်မျိုးကို တီထွင်နိုင်ခဲ့ပြီးဖြစ်၍ ကမ္ဘာမြေကြီး၏ အကြီးမားဆုံးပတ်ဝန်းကျင်ဆိုင်ရာ ညစ်ငြမ်းမှုဖြစ်စေခြင်း နှစ်ခုအနက်မှ တစ်ခုကို ဖယ်ရှားပစ်ရန် ကတိပြုလိုက်ကြောင်း ဒေသဆိုင်ရာ ဒိုမီနီယမ်ပို့စ် သတင်းစာက အင်္ဂါနေ့၌ ဖော်ပြသည်။**

**အဆိုပါဆေးလုံးကို ကျွဲ၊နွားအား တစ်နှစ်ကိုတစ်ကြိမ် တိုက်ကျွေးခြင်းဖြင့် အန္တရာယ်ရှိ နိုက်ထရိတ်များ ရေအဖြစ် ပျော်ဝင်သွားကာ ထိထိရောက်ရောက် လျှော့ချပေးပြီး နိုက်ဒရိုဂျင်ဓာတ်ငွေ့ ပမာဏသည် လေထုထဲသို့ ထုတ်လွှင့်မှု သိသိသာသာလျှော့ကျစေခဲ့ကြောင်း သိရသည်။**

**မာဟီလ်တန်ရှိ ခရန်းသုတေသနဌာနမှ သိပ္ပံပညာရှင် အသင်းသည် ယင်းကျွဲ၊နွားအသုံးပြုဆေးရုံကို နှစ်နှစ်ကြာ စမ်းသပ်လုပ်ကိုင်ဆောင်ရွက်ခဲ့ရကြောင်း၊ ၎င်းကို စီးပွားရေးအရ ထုတ်လုပ်ခြင်းကို အခြားတစ်နှစ်တွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။**

**အဆိုပါဆေးလုံးသည် ၂၅၀ ဂရမ်ရှိပြီး ကျည်ဆန်ပုံဖြစ်ကြောင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ၏ဆီးကို နိုက်ထရိတ်များအဖြစ် ပြုပြင်ပြီး လယ်ကွက်ထဲသို့ ဖြတ်သန်းရောက်ရှိစေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။**

**ယင်းဆေးလုံးသည် နိုက်ထရိတ်ပမာဏ ရေထဲတွင်ပျော်ဝင်ကာ မြေကြီးထဲသို့ရောက်ရှိပြီး ၆၀ ရာခိုင်နှုန်း လျှော့ကျစေသည်ကိုတွေ့ရကြောင်း၊ အက်ဂျ်သုတေသနအသင်းခေါင်းဆောင် စတီဝပ်လက်ဒ်ဂတ်က ပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အမေရိကန်နိုင်ငံခြားရေးဝါဒ ဆင်ခြင်တုံတရားကင်းမဲ့ဟု တရုတ်ဝေဖန်

ပေကျင်း နိုဝင်ဘာ ၆

**အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်၏ နိုင်ငံခြားရေးမူဝါဒများသည် ခေတ်နောက်ကျနေပြီဖြစ်ပြီး ဆင်ခြင်တုံတရား ကင်းမဲ့ကြောင်း တရုတ်အစိုးရက နောက်ထပ်ထိုးနှက်တိုက်ခိုက်ပြီးနောက် အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာပြည်သူလူထု၏ စိတ်ရောကိုယ်ပါ ထောက်ခံအားပေးမှု ရရှိစေရေးအတွက် မိမိကိုယ်မိမိ လေးလေးနက်နက် ပြန်လည်စစ်ဆေးသုံးသပ်ရန် တိုက်တွန်းလိုက်သည်။**

အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့ပြည်သူလူထု၏လေးစားမှု ပြန်လည်ရရှိလိုပါက မိမိကိုယ်မိမိ လေးလေးနက်နက် ဆင်ခြင်သုံးသပ်သင့်သည်။ အင်အားသုံး နိုင်ငံရေးနှင့် ဗိုလ်ကျစိုးမိုးရေးဝါဒ သွင်းပြင်လက္ခဏာများ ရှိနေသော ကာလအတန်ကြာ ခေတ်နောက်ကျသည့် သံခင်းတမန်ခင်းကို စွန့်လွှတ်ရမည်ဖြစ်ကြောင်း၊ ပြဿနာဖြေရှင်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ နိုင်ငံတကာ ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေရှိပြီး ဒီမိုကရေစီကျသည့် နိုင်ငံခြားရေး မူဝါဒကိုသာ ဖော်ဆောင်ရမည်ဖြစ်ကြောင်း ပြည်သူ့နေ့စဉ် ခေါင်းကြီးတွင် ဖော်ပြထားသည်။

ယင်းခေါင်းကြီးသည် အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပမည့် အကြိုနေ့တွင် ပေါ်ထွက်လာခြင်း ဖြစ်သည်။

စက်တင်ဘာ ၁၁ရက် တိုက်ခိုက်မှုအပြီး နိုင်ငံတကာ၏သဘောထား အမြင်အား ပြောင်းလိုသည့် အမေရိကန်အစိုးရ ကြိုးပမ်းမှုများသည် လုံးဝဥဿုံအောင်မြင်မှုမရှိခဲ့ကြောင်း အဆိုပါ သတင်းစာခေါင်းကြီးက ထုတ်နုတ်ရေးသားသည်။

နိုင်ငံတကာ၏သဘောထားကို ဆန့်ကျင်ပြုလုပ်ခြင်းသည် အောင်မြင်မှု မရရှိခဲ့သည့် အကြောင်းအရင်းများဖြစ်ကြောင်း ၎င်းသတင်းစာက ရေးသားလိုက်သည်။

**အမ်အင်အေ၊ပီတီအိုင်**

# နိုဝင်ဘာ ၅ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၇ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၆

**အီရတ်နိုင်ငံအားအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။** ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

### တိုက်ပွဲ၌သေဆုံး

နိုဝင်ဘာ ၅ရက် သောကြာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၂၇ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၆၅ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၃ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၈၉ဦးဖြစ်ပြီး ယင်းအနက် ၇၅၆ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



# ဖော်လူဂျာ၌ အမေရိကန်စစ်ယာဉ်အား ကားဗုံးခွဲတိုက်ခိုက်၊ တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၆**

ပြီးခဲ့သည့် စနေနေ့၌ ဖော်လူဂျာ မြို့အရှေ့ဘက် မိုင်အနည်းငယ် အကွာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်ကို အသေခံ ကားဗုံးဖြင့် ဝင်ရောက်တိုက်ခိုက် ဖောက်ခွဲမှု ဖြစ်ပွားခဲ့ရာ ရေတပ်ဆေးတပ်ဖွဲ့ဝင်တစ်ဦးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း မီးလောင်ဒဏ်ရာများစွာ ရရှိခဲ့ကြောင်း သိရသည်။

### ကြုံတွေ့ရ

ထိုအပြင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်အများအပြားသည် အီရတ်ခုခံတိုက်ခိုက်ရေး သမားများ၏ အမာခံနယ်မြေဖြစ်သော ဖော်လူဂျာမြို့ကို ဝင်ရောက် ထိုးစစ်ဆင်တိုက်ခိုက်ရန် အမိန့်ကို စောင့်ဆိုင်းနေရလျက်ရှိပြီး ၎င်းတို့အတွက် ဝမ်းနည်းကြေကွဲ ဒေါသထွက်စရာ စစ်ပွဲအဖြစ်သာ ကြုံတွေ့ရမည် ဖြစ်သည်ဟု ဆိုသည်။

### သေဆုံးခဲ့

ပြီးခဲ့သည့် သီးတင်းပတ်ကုန် ရက်များအတွင်းကလည်း အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူတပ်ဖွဲ့ဝင်များထဲတွင် အရည်အချင်းပြည့်ဝသူ အများအပြားလည်း ပါဝင်နေသည့်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့နေရပြီး အသက်ရှင်ကျန်ရစ်နေသူ အမေရိကန်တပ်ဖွဲ့ဝင်များသည်လည်း ခုခံတိုက်ခိုက်နေသူများကို ဆက်လက်ရင်ဆိုင်နေရမည် ဖြစ်ကြောင်း သိရှိရသည်။

**(စီအင်န်အင်န်)**

# အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များနှင့် အလုပ်လုပ်ကိုင်ခြင်းကိုတားဆီးပေးရန် ဂျော်ဒန်အစိုးရအား ဓားစာခံများက အသနားခံ

ဘဂ္ဂဒက် နိုဝင်ဘာ ၅

**အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတူ အလုပ်လုပ်ကိုင်ခြင်းမပြုကြရန် ဂျော်ဒန်နိုင်ငံသားများကို တားဆီးသတိပေးရေး ဂျော်ဒန်အစိုးရအား အီရတ်တွင်ဖမ်းဆီးခံထားရသော ဓားစာခံဂျော်ဒန်ယာဉ်မောင်းသုံးဦးက အသနားခံ တောင်းဆိုထားသော ဗီဒီယိုတိပ်ခွေကို ကြာသပတေးနေ့တွင် အီရတ်လက်နက်ကိုင်များက ထုတ်လွှင့်ခဲ့ကြသည်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့်အတူ အလုပ်လုပ်ကိုင်သည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိတို့သက်ညှာလိမ့်မည်မဟုတ်ကြောင်း မျက်နှာဖုံးစွပ်ထားသည့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားသုံးဦးအနက်မှ တစ်ဦးက ဗီဒီယိုတိပ်ခွေတွင် ပြောကြားကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။



**ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

လက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့တစ်ခု၏ အမည်ပါရှိသည့် အလံတစ်ခုကိုနောက်ခံထားပြီး အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ရှေ့တွင် ထိုင်နေကြသည့် ဂျော်ဒန်နိုင်ငံသား ယာဉ်မောင်းသုံးဦး၏ ရုပ်ပုံကိုလည်း ဗီဒီယိုတိပ်ခွေတွင် ရိုက်ကူးဖော်ပြထားသည်။

ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ဂျော်ဒန်နိုင်ငံသား ယာဉ်မောင်းသုံးဦး၏ နိုင်ငံကူးလက်မှတ်များကိုလည်း ၎င်းတို့အနီးတွင် ပြသထားသည်ကို တွေ့ရသည်။ အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် ပြည်ပအလုပ်သမားများကို မောင်းထုတ်ရန်ကြိုးစားသည့်အနေဖြင့် ပြီးခဲ့သည့် ဧပြီလက စတင်ကာ နိုင်ငံခြားသားများကို ဓားစာခံအဖြစ် ဖမ်းဆီးမှုများ ပြုလုပ်လာခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်၌ ကားဗုံးထပ်မံပေါက်ကွဲ၊ အီရတ်ကိုးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၅

**ဘဂ္ဂဒက်တွင် ဗုဒ္ဓဟူးနေ့၌ နောက်ထပ်ကားဗုံး တစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်ကိုးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။**

ထိုအတောအတွင်း အီရတ်ခုခံတိုက်ခိုက် ရေးသမားများက နောက်ထပ် နိုင်ငံခြားသားများကို ပြန်ပေးဆွဲခဲ့ပြီး ရေနံဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးကို ပစ်သတ်ခဲ့ကြသည်။

### ရပ်ဆိုင်း

ရေနံပိုက်လိုင်း တစ်လိုင်းကို တိုက်ခိုက်မှုကြောင့် ကယ်ကွတ်မှ တူရကီသို့ ရေနံပေးပို့မှု ရပ်ဆိုင်းသွားခဲ့ပြီးနောက် အီရတ်မြောက်ပိုင်း တွင်ရှိသော ရေနံတွင်းများ အနီး၌ မီးများလောင်ကျွမ်းလျက်ရှိသည်။ ထိုသို့ ရေနံတွင်းများ ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဝင်ငွေ အများအပြားရရှိရေး ကြိုးပမ်းမှုများ အသစ်တစ်ဖန် တုံ့နှေးခဲ့ရသည်။

### ပေါက်ကွဲ

ဘဂ္ဂဒက် နိုင်ငံတကာဆိုင်ရာ လေဆိပ်သို့ သွားရာလမ်းပေါ်တွင် ရှိသော စစ်ဆေးရေးစခန်း၌ ကားများအတွင်း စောင့်ဆိုင်းနေသော လူကိုးဦးထက်မနည်းမှာ ကားဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

### ပျက်စီး

**ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ် အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်ကို နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၅

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏ အရှေ့တောင်ဘက်တွင် ဗုဒ္ဓဟူးနေ့က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။**

အဆိုပါ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာမှာ ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ခန့်အကွာရှိ ဆယ်လ်မင်ပန်းခြံ အနီးတွင် ဖြစ်ကြောင်း သိရသည်။

### ဖြစ်ပွား

ဗုံးပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် ဗုဒ္ဓဟူးနေ့ နံနက် ၇း၁၂ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် အခြားထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ အသေးစိတ်မသိရှိရသေးကြောင်းလည်း ယင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ပြီးခဲ့သည့်နှစ် မတ်လက စတင်ကျူးကျော် တိုက်ခိုက်ခဲ့ချိန်မှစပြီး နေ့စဉ်နီးပါး အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများခံရကာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိမှုများလည်း တိုးမြင့်လာလျက်ရှိရာ ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၃ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗီးနပ်နှင့် ဂျူပီတာဂြိုဟ်နှစ်လုံး ဂျပန်ကောင်းကင်ယံ၌ တစ်တန်းတည်းဖြစ်

**တိုကျို နိုဝင်ဘာ ၅**

ဂြိုဟ်ကြီးနှစ်လုံးဖြစ်သည့် ဗီးနပ်နှင့် ဂျူပီတာဂြိုဟ်တို့သည် ဂျပန်နိုင်ငံ ကောင်းကင်ယံတွင် တစ်တန်းတည်း ဖြစ်နေသည်ကို ယနေ့ နံနက်ကလေ့လာတွေ့ရှိခဲ့ရသည်။ နံနက် သုံးနာရီခွဲကျော်တွင် ၎င်းဂြိုဟ်နှစ်လုံးသည် တစ်တန်းတည်း အနေအထားသို့ ရောက်ရှိလာသည်ကို တိုကျိုဒေသခံများက တွေ့မြင်ရသည်။

၎င်းဂြိုဟ်နှစ်လုံးသည် အရှေ့ဘက် ကောင်းကင်ပြင်တွင် တဖြည်းဖြည်း နီးကပ်လာကြောင်း၊ ၎င်းဖြစ်ရပ်သည် ကမ္ဘာနှင့် ၎င်းဂြိုဟ်နှစ်လုံး တစ်တန်းတည်း ဖြစ်သည့်အချိန်၌ ဖြစ်ပွားလေ့ရှိကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ နိုင်ငံတကာ နက္ခတ်တာရာလေ့လာရေးအဖွဲ့၏ ပြောကြားချက်အရ ပြီးခဲ့သော ငါးနှစ်က ဂြိုဟ်နှစ်လုံးနီးကပ်လာသည်ကို နောက်ဆုံးအကြိမ် တွေ့မြင်ခဲ့ရခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ၌ နောက်တစ်ခါတွေ့မြင်ရဖို့ အခွင့်အလမ်းရှိကြောင်း သိရသည်။

**(အင်န်အိပ်ချ်ကေ)**

# ခေတ်မီ လှပခိုင်ခံ့သော နာနတ်တောခုံးကျော်တံတားကြီးပေါ်ထွန်းလာတော့မည်

# အချိန်တိုအတွင်း ပြီးစီးရန် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၆

**ရန်ကုန်မြို့၏လူဦးရေသည် တစ်နေ့ထက်တစ်နေ့ များပြားလာပြီး မော်တော်ယာဉ် စီးရေလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလျက်ရှိသည်။ ရန်ကုန်မြို့တွင် လွန်ခဲ့သည့် ၁၀နှစ်က မော်တော်ယာဉ်စီးရေ ၂၉၄၅၉၀ရှိပြီး ယနေ့လက်ရှိ အခြေအနေတွင် မော်တော်ယာဉ်စီးရေ ကိုးသိန်းကျော်နေပြီ ဖြစ်သည်။**

နိုင်ငံတော်အစိုးရသည် မြို့သစ်များ တည်ဆောက်ပေးခြင်း၊ လမ်းများ တိုးချဲ့ခြင်း၊ တံတားများ တည်ဆောက်ပေးခြင်းအပြင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းသစ် စီမံကိန်းများတွင် ပါဝင်သည့် တံတားပေါင်းများစွာကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ ပဲခူး စသည့်မြို့ကြီးများတွင် ခုံးကျော်တံတားများကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ မြို့ပြများ ယာဉ်သွားလာမှု ချောမွေ့လွယ်ကူရေးကို အထောက်အကူပြုစေခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ပိုမိုများပြားလာသည့်အပြင် မြို့ပတ်နှင့် ဆင်ခြေဖုံးလော်ကယ်ရထားများသည် ၁၅မိနစ်တစ်ကြိမ် ပြေးဆွဲပေးလျက်ရှိရာ ကားလမ်းနှင့် ရထားလမ်းဆုံသည့် နေရာများတွင် ရထားဖြတ်သန်းချိန်၌ ကားလမ်းကူးဂိတ်တံတားများ ပိတ်ထားရခြင်းကြောင့် ယာဉ်များ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရပြီး ယာဉ်ကြော ပိတ်ဆို့မှုများ ကင်းဝေးရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားက ရထားလမ်းကူး ခုံးကျော်တံတားများကို အဆင့်လိုက် တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အရှည်၂၉ ဒသမ၅မိုင်ရှိ ရန်ကုန် မြို့ပတ်ရထားလမ်းတွင် ရထားများ တစ်နေ့လျှင် ၁၄ဆိုင်းဖြင့် ၁၆၂ခေါက် နေ့စဉ် ပြေးဆွဲလျက်ရှိရာ မြို့ပတ်ရထားတစ်စီးသည် ကားကြီးအစီး ၃၀ပါ လူများကို သယ်ဆောင်ပေးလျက်ရှိပြီး နေ့စဉ် မြို့ပတ်ရထားစီး ခရီးသည် ရှစ်သောင်းကို သယ်ဆောင်ပေးလျက် ရှိသည်။ စက်သုံးဆီခြိုးခြံချွေတာရေး၊ ခရီးသွားပြည်သူများ လွယ်လင့်တကူသွားလာနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက် ရှိသည်။

မကြာမီ အချိန်က လေးလနှင့် ၂၄ရက်ဖြင့် အပြီးတည်ဆောက်ခဲ့သည့် ပါရမီ ခုံးကျော်တံတားကြီး တည်ဆောက်ပြီးစီးပြီးနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် နာနတ်တောကားလမ်းနှင့် ဗဟိုလမ်း ရထားလမ်းဆုံနေရာတွင် နာနတ်တော ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂ရက်နေ့၌ တံတားပိုင်ရိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားဖြင့် စတင်ဆောင်ရွက်ခဲ့သည်။

နာနတ်တော ခုံးကျော်တံတားသည် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အောက်ထည် သံကူကွန်ကရစ်ပိုင်တိုင် အုတ်မြစ်နှင့် အပေါ်ထည် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်တို့ဖြင့် တည်ဆောက်သွားမည် ဖြစ်သည်။

ပင်မတံတားအရှည်မှာ ၅၈၁ပေရှိပြီး တံတားအကျယ် ၅၆ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ပေရှိမည်။ လူသွားလမ်းအကျယ် တစ်ဖက် လေးပေစီပါရှိပြီး ချဉ်းကပ်လမ်းအရှည်မှာ ဆင်မလိုက်လမ်းဆုံသို့ ၂၉၆ပေ၊ ပြည်လမ်းဘက် သို့ ၈၇ပေရှိသည်။ စုစုပေါင်း တံတားအရှည်မှာ ချဉ်းကပ်လမ်း အပါအဝင် ၉၆၄ပေ ရှည်သည်။

နာနတ်တော ခုံးကျော်တံတားအား မြန်မာ့မီးရထားက လေးလနှင့်အပြီး တည်ဆောက်ရန် စီမံချက်များရေးဆွဲ၍ အင်ဂျင်နီယာများ၊ ကျွမ်းကျင် ဝန်ထမ်းများဖြင့် နေ့ရောညပါ အားကြိုးမာန်တက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

နာနတ်တော ခုံးကျော်တံတားကြီးကို နိုဝင်ဘာ၂ရက်မှစပြီး သံကူကွန်ကရစ် ပိုင်တိုင်များ ရိုက်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

ပိုင်တိုင်များ တည်ဆောက်ခြင်းနှင့် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်များတင်ခြင်း လုပ်ငန်းကို ဒီဇင်ဘာလတွင် လည်းကောင်း၊ ပင်မတံတားပေါ်၌ သံကူကွန်ကရစ် ကြမ်းခင်းခြင်း လုပ်ငန်းများကို ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ပလက်ဖောင်းနှင့် လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်း၊ ခေတ်မီ မီးတိုင်အလှဆင်ခြင်း၊ နိုင်လွန် ကတ္တရာခင်းခြင်းနှင့် အချောသတ် လုပ်ငန်းများကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသည်။

နာနတ်တော ခုံးကျော်တံတား တည်ဆောက်ရန် ကုန်ကြမ်းများ ဖြစ်သည့် သံကူကွန်ကရစ်ပိုင်တိုင်များ၊ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်များကို မြန်မာ့မီးရထား တံတားအလုပ်ရုံ (မလွကုန်း)မှ တာဝန်ယူ ထုတ်လုပ်ပေးလျက် ရှိသည်။

နာနတ်တော ခုံးကျော်တံတားကြီးကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တောင်ဥက္ကလာပ ပါရမီခုံးကျော်တံတားတည်ဆောက်ခဲ့သည့် အင်ဂျင်နီယာမှူးဦးမျိုးဝင်း(စီမံကိန်းအင်ဂျင်နီယာ မြန်မာ့မီးရထား)က ဦးဆောင်၍ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ခေတ်မီလှပ ခိုင်ခံ့သော တံတားကြီးအဖြစ် သတ်မှတ်ချိန် အချိန်တိုအတွင်း ပြီးစီးရန် နေ့ရောညပါ ဆောင်ရွက်လျက်ရှိပေသည်။

**နာနတ်တော ခုံးကျော်တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရထားများ ဖြတ်သန်းသွားလာချိန်၌ နာနတ်တော လမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှု အန္တရာယ်ကင်းဝေးပြီး ဗဟိုလမ်းမကြီးမှာလည်း ယာဉ်များ အဆက်မပြတ် သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းသို့ အသွားအပြန် မော်တော်ယာဉ်များလည်း ပိုမိုအဆင်ပြေစွာ သွားလာနိုင်တော့မည် ဖြစ်သည်။**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်မြို့တွင်း မြို့ပတ်ရထားလမ်းနှင့် ကားလမ်းဆုံမည့်နေရာများအနက် မဖြစ်မနေ တည်ဆောက်ရမည့် ကားလမ်းကူးနေရာ ခုနစ်ခုဖြစ်သည့် ကျောက်ရေတွင်းလမ်းဆုံ၊ တညင်းကုန်းလမ်းဆုံ၊ ပါရမီ(၂)လမ်းဆုံ၊ ကံဘဲ့လမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ ဘောက်ထော်လမ်းဆုံနှင့် အမှတ်(၄)လမ်းမ လမ်းဆုံနေရာများတွင် ခုံးကျော်တံတားများကို အဆင့်လိုက် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်းသတင်းကောင်းပါး ရေးသားဖော်ပြအပ်ပါသည်။ ။

**(မြန်မာ့အလင်း)**

နာနတ်တော ခုံးကျော်တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရထားများ ဖြတ်သန်းသွားလာချိန်၌ နာနတ်တောလမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှု အန္တရာယ်ကင်းဝေးပြီး ဗဟိုလမ်းမကြီးမှာလည်း ယာဉ်များ အဆက်မပြတ်သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းသို့ အသွားအပြန် မော်တော်ယာဉ်များလည်း အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်သည်။



နာနတ် တော ခုံး ကျော်တံတား ကို စတင် ဆောင် ရွက် လျက် ရှိ ရာ လူ အင်အား၊ စက် ယန္တရား များ ဖြင့် R.C PILE ပိုင် တိုင် များ သယ် ဆောင် ခြင်း၊ ပိုင် တိုင် ရိုက် သွင်း ခြင်း လုပ် ငန်း များ ဆောင် ရွက် နေစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)



နာနတ်တော ခုံးကျော်တံတားပုံစံငယ်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



**နာနတ်တော ခုံးကျော်တံတားဆောက်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား တံတားအလုပ်ရုံ (မလွကုန်း)မှ ထုတ်လုပ်သည့် သံကူကွန်ကရစ်ပိုင်တိုင်များကို ကားပေါ်မှ သယ်ချစဉ်။**
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်အား ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားတော်နာယူကြသည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## စုပေါင်းလှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာန (၅၁)ကြိမ်မြောက် မိသားစုဘုံကထိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ ဌာနအသီးသီးနှင့် မိသားစုများက ပဒေသာပင်များ စုပေါင်းလှူဒါန်းကြသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ China Council for the Promotion of International Trade (CCPIT) ဥက္ကဋ္ဌ Mr. Wan Jifei က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့က အသီးသီးမိန့်ခွန်းပြောကြားကြသည်။

### ပေါင်းကူးဆက်စပ်ပေး

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် ထိပ်သီး ဆွေးနွေးပွဲ၌ အဆွေတော်တို့နှင့်အတူတကွ တက်ရောက်ခွင့်ရရှိပြီး မိန့်ခွန်းပြောကြားခွင့်ရရှိခြင်းကို များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ မိမိသည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ပထမဆုံးခရီးစဉ်အနေဖြင့် လာရောက်ခွင့်ရခဲ့ခြင်းကိုလည်း ဝမ်းမြောက်မိပါကြောင်း၊ နန်နင်းမြို့သည် သာယာလှပပြီး စိမ်းလန်းစိုပြည်သည့် မြို့တော်ဖြစ်ရုံမကဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှအကြား ပေါင်းကူးဆက်စပ်ပေးသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဤဒေသသည် တရုတ် အရှေ့တောင်စီးပွားရေးဒေသ၊ တရုတ်တောင်ပိုင်းကမ်းရိုးတန်းဒေသနှင့် အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးဒေသတို့ ပေါင်းဆုံလျက်ရှိပါကြောင်း။

လျင်မြန်စွာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုရှိနေသည့် ကမ္ဘာကြီးတွင် ဒေသတွင်း ပေါင်းစည်းမှုသည်သာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်များ ရရှိစေခြင်းကို ဖန်တီးနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း၊ အရှေ့အာရှဒေသအနေဖြင့် ကမ္ဘာ့စီးပွားရေးတွင် ပါဝင်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်ဆိုလျှင် မိမိတို့အနေဖြင့် ပိုမိုပေါင်းစည်းမှုရှိရန်လိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများအနေဖြင့် လွတ်လပ်စွာ ကုန်သွယ်မှုကို ထောက်ခံပါသည်ဟု ပြောပင် ပြောကြားကြသော်လည်း ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို ဆက်လက် ကျင့်သုံးဆဲဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းပေါင်းစည်းရေးရရှိရန် ပိုမိုအရေးတကြီးလိုအပ်လျက်ရှိကြောင်း၊ ယနေ့မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ယှဉ်ပြိုင်ကျော်လွှားနိုင်ရန် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် မိမိတို့သည် ယှဉ်ပြိုင်မှုအပြည့်ရှိသည့် ယနေ့ကမ္ဘာကြီးတွင် စီးပွားရေး တိုးတက်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းသည့် နိုင်ငံအဖြစ် ပေါ်ထွက်လာခြင်းသည် အာဆီယံနိုင်ငံများအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေမည်ဟု အာဆီယံက ခံယူပါကြောင်း၊ ဒေသနှစ်ခု၏ စီးပွားရေးများ ပေါင်းစည်းခြင်းဖြင့် မိမိတို့နိုင်ငံများသည် အကျိုးအမြတ်များကို သိသာ ထင်ရှားစွာ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ဒေသနှစ်ခု ပေါင်းစည်းခြင်းဖြင့် ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံခန့်ဖြစ်သည့် စားသုံးသူပေါင်း သန်း ၁၇၀၀ ရှိသော ဈေးကွက်တစ်ခု ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံးပိုင်ဆိုင်သည့် သဘာဝ အရင်းအမြစ်နှင့် လူသားအရင်းအမြစ်များက ကြီးမားသည့် ဈေးကွက်ကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးသည် ပြီးခဲ့သောနှစ်များအတွင်း ပုံမှန်တိုးတက်လျက်ရှိပြီး ဒေသနှစ်ခုအကြား ကုန်သွယ်မှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိကြောင်း၊၂၀၀၂ခုနှစ်တွင် ဒေသနှစ်ခုအကြား အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၅၄ ဒသမ ၈ ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် သန်းထောင်ပေါင်း ၇၈ ဒသမ ၂သို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် ကုန်သွယ်မှုပမာဏထက် ၄၂ ဒသမ ၉ရာခိုင်နှုန်း တိုးတက်လာခြင်းပင်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထိုမျှမက တိုးတက်မည်ဖြစ်ကြောင်းကို ခန့်မှန်း၍ရပါကြောင်း။

### ကြီးမားသောဈေးကွက်

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အနေဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသည်နှင့် အမျှ ဒေသနှစ်ခုအကြားရှိ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုများမှာ ကျယ်ပြန့်နက်ရှိုင်းလာမည်ဖြစ်ကြောင်း၊ ပထဝီ အနေအထားအရ နီးကပ်စွာတည်ရှိမှုနှင့် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်ဆံမှုများက အဆိုပါဆက်ဆံရေးကို ပိုမိုသွက်လက်စေမှာဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့ခြင်းသည် အာဆီယံအတွက် ကြီးမားသည့် အခွင့်အလမ်းဖြစ်စေခဲ့ပြီး အာဆီယံ ထုတ်ကုန်များအတွက် ကြီးမားသော ဈေးကွက်ရရှိစေခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် မိမိတို့၏ ဒေသကြီးကို စီးပွားရေးအရ တိုးတက်မြင့်မားပြီး လူမှုရေးအရ သဟဇာတဖြစ်သော ဒေသကြီးဖြစ်ပေါ်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ၂၇ နိုင်ငံရင်းနှီးမြှုပ်နှံ

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများနှင့် စပ်လျဉ်းပြီး ပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံသည် တတိယငါးနှစ်စီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ)ကို အကောင်အထည်ဖော်နေချိန်ဖြစ်ပြီး ပြီးခဲ့သည့် သုံးနှစ်ကာလအတွင်း တစ်နှစ်လျှင် ပျမ်းမျှ စီးပွားရေး တိုးတက်မှုနှုန်း ၈ ဒသမ ၅ရာခိုင်နှုန်းခန့်စီဖြင့် ဆက်တိုက်တိုးတက် ဖွံ့ဖြိုးနေပြီး ပြည်ပကုန်သွယ်မှုရှင်းတမ်းမှာ ပိုငွေပြနေသကဲ့သို့ နိုင်ငံခြားငွေစာရင်း ရှင်းတမ်းမှာလည်း အပေါင်းလက္ခဏာ ပြလျက်ရှိကြောင်း၊ ထို့ကြောင့် ဈေးကွက် စီးပွားရေးစနစ်သို့ ကူးပြောင်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် တိုးတက် ကောင်းမွန်လျက်ရှိနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေကိုကြည့်မည်ဆိုလျှင် နိုင်ငံပေါင်း ၂၇နိုင်ငံက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံတို့ကို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ၍ အလုပ်လုပ်ကိုင်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အာဆီယံနိုင်ငံများက ထပ်လောင်းရင်းနှီးမြှုပ်နှံလာမှုကို မိမိတို့ ကြိုဆိုလျက်ရှိပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုမှာ တိုးတက်လျက်ရှိပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ တိုးမြှင့်ရန်မိမိတို့ သဘောတူထားကြောင်း၊ ရေလမ်းကြောင်းမှသာမက ကုန်းလမ်းကြောင်းမှာပါ ကုန်သွယ်မှုကို စနစ်တကျ ဖွံ့ဖြိုးအောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombut နှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Khiem တို့က မိန့်ခွန်း အသီးသီးပြောကြားကြပြီး ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### အမှာစကားပြောကြား

ထို့နောက် ထိပ်သီးဆွေးနွေးပွဲ အခမ်းအနားကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong၊ ကွမ်စီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ လုပင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Industry and Primary Resources ဝန်ကြီး Pehin Dato Abdul Rahman Taib၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး Mme. Mari Elka Pangestu၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Soulivong Daravong၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး Tan Sri Bernard Giluk Dompok၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Lim Hng Kiang၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Hoahg Trung Jtai၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဌာနမှ Undersecretary, Mr. Thomas G. Aquino နှင့် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Anutin Charnvirakul တို့က အသီးသီး အမှာစကားပြောကြားကြပြီး ညနေ ၆ နာရီ မိနစ် ၂၀ တွင် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီး ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

### ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃ ရက် ည ၈ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် နန်နင်းနိုင်ငံတကာ ရိုးရာသီချင်းနှင့် အနုပညာပဒေသာပွဲတော်သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

## နိုင်ငံပေါင်း ၂၇နိုင်ငံ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်လျက်ရှိ

- ✻ မြန်မာနိုင်ငံသည် တတိယငါးနှစ်စီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ) ကို အကောင်အထည်ဖော်နေချိန်ဖြစ်ပြီး ပြီးခဲ့သည့် သုံးနှစ်ကာလအတွင်း တစ်နှစ်လျှင် ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်း ၈ ဒသမ ၅ရာခိုင်နှုန်းခန့်စီဖြင့် ဆက်တိုက်တိုးတက် ဖွံ့ဖြိုးနေ၊
- ✻ ပြည်ပကုန်သွယ်မှုရှင်းတမ်းမှာ ပိုငွေပြနေသကဲ့သို့ နိုင်ငံခြားငွေစာရင်းရှင်းတမ်းမှာလည်း အပေါင်းလက္ခဏာပြလျက်ရှိ၊
- ✻ ဈေးကွက် စီးပွားရေးစနစ်သို့ ကူးပြောင်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် တိုးတက်ကောင်းမွန်လျက်ရှိ၊
- ✻ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေကိုကြည့်မည်ဆိုလျှင် နိုင်ငံပေါင်း ၂၇နိုင်ငံက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံတို့ကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ အလုပ်လုပ်ကိုင်လျက်ရှိ၊
- ✻ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများက ထပ်လောင်းရင်းနှီးမြှုပ်နှံလာမှုကို မိမိတို့ ကြိုဆိုလျက်ရှိ။

# ကွမ်စီးကျွမ်းဒေသသည် တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၌ရှေ့တန်းမှပါဝင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်အောင်မြင်စေရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားမည်




**တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပသော တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်ဇနီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombu၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Kheim၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ် Mr.Ong Keng Yongနှင့်တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရှိ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ China Council for the Sromotion of International Trade (CCPIT) ဒုတိယဥက္ကဋ္ဌ Mr. Yu Ping က နန်နင်း နိုင်ငံတကာရိုးရာသီချင်းနှင့် အနုပညာပဒေသာပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## တင်ဆက်ဖျော်ဖြေ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင်နိုင်ငံအလိုက်ထိပ်သီးအဆိုတော်များက ရိုးရာသီချင်းများ၊ ကပွဲများဖြင့်သီဆိုတင်ဆက်ဖျော်ဖြေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၄ ရက် မွန်းလွဲ၂နာရီ မိနစ်၄၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ ကွမ်စီးခေတ်မီစိုက်ပျိုးရေးသိပ္ပံနည်းပညာသရုပ်ပြဇုန်(Guangxi Modern Agricultural & Technology Demonstration Zone) သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကွမ်စီးခေတ်မီစိုက်ပျိုးရေးသိပ္ပံ နည်းပညာသရုပ်ပြဇုန်မှ ဌာနမှူး Mr. Chen Zhengqin နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

## ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကွမ်စီးခေတ်မီစိုက်ပျိုးရေးသိပ္ပံ နည်းပညာသရုပ်ပြဇုန်ရှိ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးထားသည့် အသီးအနှံပင်များနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုကြရာ ဌာနမှူး Mr. Chen Zhengqin နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီးနှံပိုးမွှားကာကွယ်ရေးသုံး မီးအိမ်နှင့် သီးနှံအစေ့ပျိုးစက်တို့လည်းကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ သည်ချစ်ကြည်ရေးခရီးအထိမ်းအမှတ် ပန်းပင်ကိုစိုက်ပျိုးပေးသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်ခန်းမဆောင်၌ ပြသထားသော ၅၀ ကီလိုဂရမ်ရှိ ရွှေဖရုံသီးနှင့် အခြားအောင်မြင်ဖြစ်ထွန်းနေသည့် သီးနှံများကိုကြည့်ရှုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဌာနမှူး Mr. Chen Zhengqin အား လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဌာနမှူးနှင့် တာဝန်ရှိသူများအား မိမိတို့နိုင်ငံနှင့် ကွမ်စီးကျွမ်းဒေသတို့သည် ရေမြေ ရာသီဥတုတူညီသည့် အပိုင်းများရှိသဖြင့် စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို လုပ်ကိုင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Wharton International Hotelသို့ ပြန်လည်ရောက်ရှိကြပြီး ညနေ ၆ နာရီတွင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာရှောက်ကျီးဝေနှင့် အဖွဲ့ဝင်များအား ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြသည်။

## ကုန်သွယ်မှုတိုးမြှင့်ရေး

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ် အကြား ကုန်သွယ် မှုပမာဏတိုးမြှင့်ရေး၊ ပုံမှန်ကုန်သွယ်မှုစနစ် ထူထောင်ရေး၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းဒေသ ပါတီအထွေထွေ အတွင်းရေးမှူး Mr. Cao Bochun နှင့် အဖွဲ့ဝင်များအား နိုဝင်ဘာ ၅ရက် နံနက် ၈နာရီခွဲတွင် Warton International Hotel ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး ကွမ်စီးကျွမ်းဒေသ ပါတီအထွေထွေအတွင်းရေးမှူးနှင့်အတူ ကွမ်စီးကျွမ်းဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုပင်း၊ ပါတီအထွေထွေ အတွင်းရေးမှူး မစ္စတာလျူကျိုပေါင်၊ ပါတီဗဟို ကော်မတီအတွင်းရေးမှူး Mr. Chi Rongfu၊ ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Yang Taoxi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း Wharton International Hotel၌ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှောက်ကျီးဝေနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသော တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။ (သတင်းစဉ်)**




**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသော တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)**

ယင်းသို့တွေ့ဆုံရာတွင် ကွမ်စီးကျွမ်းဒေသ ပါတီ အထွေထွေအတွင်းရေးမှူးက တရုတ်–အာဆီယံကုန်စည်ပြပွဲ–၂၀၀၄သို့ ဝန်ကြီးချုပ်ကိုယ်တိုင်ကြွရောက်ချီးမြှင့်သည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ တရုတ်–အာဆီယံကုန်စည်ပြပွဲကို နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်၍ ယခုကဲ့သို့ပင် ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့ဒေသသည် တရုတ်–အာဆီယံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၌ ရှေ့တန်းမှပါဝင်ရသည့် ပြည်နယ်အဖြစ် ရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု တိုးတက်အောင်မြင်စေရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့ဒေသ၌ လူဦးရေ ၄၈ သန်းရှိပြီး နှစ်စဉ်စီးပွားရေးတိုးတက်မှု အနေအထားမှာ တရုတ်ပြည်တစ်ပြည်လုံး၌ အလယ်အလတ်အဆင့်၌ ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရန်လိုလားသကဲ့သို့ ပညာရေး၊ အားကစားနှင့် ယဉ်ကျေးမှုတို့၌လည်း ပူးပေါင်း ဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားသည်။

## အခွင့်အလမ်းများပွင့်လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နန်နင်းမြို့တော်၌ ကျင်းပခဲ့သည့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲနှင့် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ–၂၀၀၄တို့မှာ အင်မတန်မှ ကြီးကျယ်ခမ်းနား၍ အဆင့်အတန်းရှိပါကြောင်း၊ ထိပ်သီးဆွေးနွေးပွဲကျင်းပမှု၊ ကုန်စည်ပြပွဲကျင်းပမှု၊ ဧည့်ခံဖျော်ဖြေမှုတို့မှာ အစစအရာရာ ပြည့်စုံသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် ခေတ်မီတိုးတက်လာနေခြင်းတို့ကို ယှဉ်တွဲပြသနေသည်ဟု မိမိခံစားမိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ကွမ်စီးကျွမ်းဒေသတို့သည် သဘာဝချင်းတူညီသည်များရှိ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးနှင့် ချစ်ခင်ရင်းနှီးမှုရှိသကဲ့သို့ ကွမ်စီးကျွမ်းဒေသနှင့်လည်း ရင်းရင်းနှီးနှီးရှိမှုကို ခံစားမိပါကြောင်း၊ ကွမ်စီးကျွမ်းဒေသမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး ကျွမ်းကျင်သူများ မိမိတို့နိုင်ငံသို့ စေလွှတ်လေ့လာစေခြင်းဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် အခွင့်အလမ်းများ ပွင့်လာနိုင်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံနှင့် ကွမ်စီးကျွမ်းဒေသတို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၄ရက် ညနေ ၅နာရီခွဲတွင် ZTE ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Yin Yi Ming နှင့် အဖွဲ့ဝင်များအား လည်းကောင်း၊ ကျဲကြမ်းပြည်နယ်မှ ဟွေမင်းကုမ္ပဏီဥက္ကဋ္ဌ Mr. Ren Ping နှင့်အဖွဲ့ဝင်များအား နိုဝင်ဘာ ၅ရက် နံနက် ၉နာရီခွဲတွင် လည်းကောင်း ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်တို့ တက်ရောက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့မှ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် မွန်းလွဲ၂နာရီတွင် ခေတ္တတည်းခိုသည့် Wharton International Hotel မှ နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang Weixue၊ နန်နင်းမြို့တော်ဝန် မစ္စတာလင်ဂေါ်ချင်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်နှင့် သံရုံးအဖွဲ့ဝင်များ၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ မိနစ်၅၀တွင် ပြန်လည်ရောက်ရှိကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား နိုဝင်ဘာ၂ရက်ညနေပိုင်းတွင် Li Yuan Hotel ၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပုံမှန်ကုန်သွယ်မှုစနစ်တိုးချဲ့ထူထောင်ရေးကိစ္စများနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။

အလားတူပင် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် နိုဝင်ဘာ၄ရက် နံနက်ပိုင်းတွင် Ming Yuan Hotel ၌ ကျင်းပသည့် ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသခေါင်းဆောင်များက တည်ခင်းဧည့်ခံသော ကုန်သွယ်ရေးဝန်ကြီးများ၏ လုပ်ငန်းသဘောနံနက်စာစားပွဲသို့လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းဒေသ ပါတီ အထွေထွေအတွင်းရေးမှူး Mr. Cao Bochun နှင့် အဖွဲ့ဝင်များအား နန်နင်းမြို့ရှိ Wharton International Hotel ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကွမ်စီးခေတ်မီစိုက်ပျိုးရေး သိပ္ပံနည်းပညာသရုပ်ပြဇုန်ရှိ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးထားသည့် အသီးအနှံပင်များနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းတွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Yin Yi Ming အား နန်နင်းမြို့၌ Wharton International Hotel ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကွမ်စီးခေတ်မီစိုက်ပျိုးရေး သိပ္ပံနည်းပညာသရုပ်ပြဇုန်တွင် သီးနှံအစေ့ပျိုးစက်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲကြမ်းပြည်နယ်မှ ဟွေမင်းကုမ္ပဏီဥက္ကဋ္ဌ Mr.Ren Ping နှင့် အဖွဲ့ဝင်များအား နန်နင်းမြို့ရှိ Wharton International Hotel ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

# မြို့တော်ရန်ကုန်မှ မောင်းမကန်သို့ခရီးတစ်ခေါက်

**ဌေးအောင် (ခရီးသွား)**

တလောကမိုးဖွဲဖွဲ တစ်နေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်ဖြင့် ရန်ကုန်မှ ထွက်ခဲ့သည်။ ညနေ ၃ နာရီတွင် ပဲခူးရောက်သဖြင့် ရွှေဝါထွန်းဟိုတယ်သို့ ဝင်ရောက်ကြည့်ရှုသည်။ ပဲခူးသည် တစ်ချိန်ကအခြေအနေနှင့် ဘာမျှမဆိုင်အောင် စည်ပင်သာယာလာသည်။ ပဲခူးတွင် ဟိုတယ်၊ မိုတယ်၁၀လုံး၊ အခန်းအားဖြင့် ၂၅၀ ခန့်ရှိ၏။ သာမန်အားဖြင့်ပဲခူးသည် ရန်ကုန်–တောင်ငူကားလမ်း၊ ရန်ကုန်–စစ်တောင်းကားလမ်းဆုံရာ လမ်းကြောင်းပေါ်ရှိမြို့ တစ်မြို့၊ ရန်ကုန်နှင့်တစ်နာရီကျော်သာ သွားလာရသော မြို့တစ်မြို့ဖြစ်သည်။ လူနေထူထပ်သည်။ အရောင်းအဝယ်စည်ပင်သည်။ အစားအသောက် ပေါများသည်။ ရွှေမော်ဓော၊ ရွှေသာလျောင်း၊ မဟာစေတီ၊ လေးမျက်နှာဘုရားကြီးများအပြင် ကမ္ဘောဇသာဒီရွှေနန်းတော်တို့မှာ ခရီးသွားပြကွက်များဖြစ်သည်။

ရွှေဝါထွန်းတွင် မှာကြားသင့်သည်များ မှာကြားပြီး ဆက်ထွက်လာခဲ့ကြရာ ညနေစောင်းတွင် ကျိုက်ထိုသို့ရောက်သည်။ ကျိုက်ထီးရိုးဘုရားကြီးအား အဝေးမှ လှမ်း၍ဖူးမြော်ကြည်ညိုရင်း ငယ်စဉ်ကဘုရားဖူးခရီးစဉ်ကို ပြန်လည်မြင်ယောင်မိသည်။ ၁၉၆၉ခုနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ကျိုက်ထီးရိုးဘုရားဖူးရန် မော်လမြိုင်ရထားကြီးဖြင့် ခရီးထွက်ခဲ့ကြသည်။ နံနက်စောစော ရန်ကုန်က ထွက်သဖြင့် ၁၀နာရီခွဲခန့်တွင် ကျိုက်ထိုဘူတာသို့ရောက်သည်။ ဘူတာအနီးက ချက်ပလက်ခေါင်းတိုအငှားကားဖြင့် ဆက်ထွက်ခဲ့ရာ ကင်မွန်းစခန်းတွင် ထမင်းစားကြသည်။ ခေတ္တနားပြီး ကျောပိုးအိတ်ကိုယ်စီဖြင့် ဆက်တက်ခဲ့ရာ ညနေ ၅နာရီခန့်မှ ရင်ပြင်ပေါ်တွင် လူစုံသည်။ လမ်းတွင် သက်လုံမကောင်းသည့် သူငယ်ချင်းတချို့ ကျန်ရစ်သည်။ အားကောင်းသူက အားမကောင်းသူကို ဖေးကူရင်း ခေါ်ဆောင်လာကြသည်။ အရင်ရောက်သူများက ရင်ပြင်ပေါ်တွင် အိပ်စရာ နေရာရှာရ၊ ဦးရသည်။ ညဘက်တွင် ရင်ပြင်ပေါ်တွင် ပါလာသည့် အခင်းခင်း၊ ခြုံထည်ကို ခြုံကာ ပူးပူးကပ်ကပ်အိပ်ကြရသည်။ ရင်ပြင်ပေါ်တွင် ခြေချစရာ နေရာမရှိလောက်အောင် ပြည့်ကျပ်နေသော်လည်း ဆောင်းဦး၏ အအေးဒဏ်ကို ကျွန်တော်တို့ ကြံ့ကြံ့မခံနိုင်။ နောက်တစ်နေ့နံနက်တွင် ဘုရားဖူး၊ ကျီးကန်းပါးစပ်၊ မုဆိုးတောင်စသည့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်ကြည့်ရှုပြီး ပြန်ဆင်းခဲ့ကြသည်။ ယခုအခါ ကျိုက်ထီးရိုးရင်ပြင်တစ်ဝိုက်၊ ရသေ့တောင်နှင့် ပတ်ဝန်းကျင် နေရာများတွင် ပြည်တွင်း၊ ပြည်ပခရီးသည်များ တည်းခိုနေထိုင်နိုင်သော အဆောက်အအုံများရှိနေပြီ။ ရသေ့တောင်အထိ ကားလမ်းပေါက်သဖြင့် သက်သောင့်သက်သာသွားလာနိုင်ပြီ။ တောင်ပေါ်တောတွင်း ခရီးကြမ်းသွား လိုပါက မူလလမ်းဟောင်းအတိုင်းသာမက ပတ်ဝန်းကျင်တစ်ဝိုက် ခြေဆန့်၍ရပြီ။

မော်လမြိုင်သို့ ဆက်ထွက်ခဲ့သည်။ လမ်းတွင် ဂျိုင်းနှင့်အတ္တရံကြိုးတံတားများကို ဖြတ်ကျော်ခဲ့ကြသည်။ ကြိုးတံတားဆိုသော်လည်း သံမဏိနှင့် အခိုင်အခံ့ဖြစ်သည်။ ခံနိုင်ရည် ၄၅တန်ခန့်ရှိသည်။ ယာဉ်ငယ်ယာဉ်လတ်များ လွတ်လပ်စွာဖြတ်ကျော်နိုင်သည်။ ဘားအံ–မော်လမြိုင်ကားလမ်းသည် ဖြောင့်ဖြူးပြီးလမ်းကြောကောင်းသည်။ တစ်နာရီခန့်အကြာတွင် မော်လမြိုင်မြို့တွင်းသို့ စတင်ဝင်ရောက်သည်။ ငယ်စဉ်ကျောင်းသားဘဝက ဒိုင်ဝန်ကွင်းထဲက ဆွေမျိုးများအိမ်သို့ အလည်ရောက်ဖူးသည်။ ယခုအခါ သူတို့အိမ်ကို အလွယ်တကူရှာမရတော့။ မြို့မှာသိသိသာသာစည်ပင်ဖွံ့ဖြိုးတိုးတက်လာသည်။ လမ်းများမှာ အထူးကျယ်ပြောသည်။ အဆောက်အအုံများမှာလည်း လှလှပပရှိသည်။ ထိုညက အတ္တရံဟိုတယ်တွင် နားဖြစ်သည်။ ညစာစားပြီး ကမ်းနားဘက်ထွက်ကြည့်စဉ် ရန်ကုန်–သံလွင်–မော်လမြိုင်တံတားသစ်ကြီးကို ထီးထီးကြီး လှမ်းမြင်ရသည်။ ရောင်စုံမီးတန်းမှာ ရှည်လွန်းသဖြင့် အဖျားသို့စူးဝင်သွားသည်။ ဤမျှရှည်လျားသည့် တံတားကြီးကိုတည်ဆောက်ရန် မလွယ်ကူချေ၊ မုတ္တမ–မော်လမြိုင်သည် မြစ်ကြောင်းဆုံရာတွင်ရှိသဖြင့် သဘော်ဖြင့်ကူးလျှင် အတော်ကြာသည်။ တံတားကြီးပြီးလျှင် ဤခရီးသည် ဘာမျှမဟုတ်တော့။ ပြည်သူများသွားလာရေး အဆင်ပြေမည်။ ကုန်စည်များ ဖြန့်ဖြူးအား ပိုမိုကောင်းမွန်မည်။ တံတားကြီးမှာ ရာခိုင်နှုန်းပြည့် ပြီးစီးလောက်ပြီဖြစ်သဖြင့် မကြာမီ ဖွင့်လှစ်နိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။ တိုးတက်ထွန်းကားပြီး အင်အားတောင့်တင်းသည့် နိုင်ငံများအဖို့ ဤမျှ ရှည်လျားသည့် တံတားကြီးတစ်စင်း တည်ဆောက်ရန် မခဲယဉ်းလှသော်လည်း မြန်မာနိုင်ငံအဖို့ ကိုယ့်ဝန်ကိုယ့်အားနှင့် မည်သူ့အထောက်အပံ့မျှမယူဘဲ တည်ဆောက်ရသည့်အခါ အခက်အခဲများ ရှိမည်ထင်သည်။ ထို့အတွက် အချိန်လည်း ယူရသည်။ ငွေအား၊ လူအား၊ ပစ္စည်းအားလည်း များစွာရင်းနှီးစိုက်ထုတ်ရသည်။ ပြည်သူများအပေါ်တွင် ထားရှိသော နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ကျေးဇူးတရားကား ကြီးမားလှပေသည်။ မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ်၊ နေဒဏ်တို့အကြားက ကြံ့ကြံ့ခံတည်ဆောက်ပေးခဲ့သော ဆောက်လုပ်ရေးဝန်ထမ်းများ၏ လုပ်အားတန်ဖိုးကိုလည်း လှိုက်လှဲစွာ ချီးကျူးဂုဏ်ယူမိသည်။

**မောင်းမကန်သည် ရန်ကုန်နှင့် မိုင် ၄၀၀ခန့်သာကွာဝေးသည်။ လမ်းခရီးတစ်လျှောက်တွင် ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ဘားအံ၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးစသည့်မြို့များရှိရာ တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ဆွဲဆောင်မှုများ၊ အပန်းဖြေရန်နေရာများ၊ ဒေသထွက် အမှတ်တရပစ္စည်းများ စုံလင်လှသည်။ ခရီးသွားစကားနှင့် ပြောရလျှင် ဆွဲဆောင်မှုရှိသော ခရီးစဉ်တစ်ခု ရေးဆွဲနိုင်သည်။ ကားလမ်း၊ ရေလမ်း၊ ရထားလမ်းနှင့် လေကြောင်းလမ်းများ ပြည့်စုံသည်။**

ကျိုက်ထို၊ ဘီးလင်း၊ သိမ်ဆိပ်၊ သထုံတို့သည် ယခင်ကတစ်မြို့နှင့်တစ်မြို့ အလှမ်းကွာဝေးသည်ထင်ခဲ့သော်လည်း ယခုအခါ တစ်ဆက်တည်းလိုထင်ရသည်။ ရွာစဉ်များ ဆက်သွားပြီ။ ကျွန်တော်တို့သထုံဝင်သည့်အခါ နေမဝင်သေး။ သထုံက ထွက်လာပြီးမကြာခင်တွင် ဒုံသမိချောင်းကူးတံတားသို့ ရောက်သည်။ ဒုံသမိချောင်းရေမှာပြည့်နေပြီး ရေစီးကောင်းသည်။ တံတားမရှိခင် တစ်ချိန်က ချောင်းရိုးတစ်လျှောက် ကင်းပုန်းဝပ်ခဲ့ရသည့်ဘဝ၊ ကျောပိုးအိတ်၊ ရိက္ခာစသည့် ဝန်စည်စလယ်များ တစ်ဖက်ကမ်းရောက်ဖို့ကူးတို့ဖြင့် မိုးထဲလေထဲကူးခဲ့ရသည့် အဖြစ်တို့ကို ပြန်လည်သတိရမိသည်။ ယခုအခါ တံတားရှိနေပြီဖြစ်သဖြင့် သွားရေးလာရေး၊ အနှောင့်အယှက် အဟန့်အတား မရှိတော့။ ဒုံသမိကျော်လာပြီး ဘုရင်ညီနောင်ဂူကို တွေ့တော့ ရေအေး၊ ဝင်းတပခွင်အတွင်း လှုပ်ရှားရန်းကန်ခဲ့ရသည့်အဖြစ်များကို မြင်ယောင်မိပြန်သည်။ ယခုအခါ အစစအေးချမ်းသွားပြီဖြစ်သဖြင့် ပြည်သူအများငြိမ်းချမ်းရေး၏ အသီးအပွင့်ကို ကောင်းစွာခံစားနေကြရပြီဖြစ်သည်။

မြိုင်ကလေးလမ်းခွဲရောက်တော့ ကားသည်ညာကွေ့ပြီး သံလွင်တံတားကြီးဆီသို့ ဦးတည်မောင်းနှင်လာသည်။ အဝေးဆီတွင် မီးခိုးတလူလူဖြင့် တရှူးရှူးတရှဲရှဲလှုပ်ရှားနေသော ဘိလပ်မြေစက်ရုံကို လှမ်းမြင်ရသည်။ သံလွင်တံတားကြီးကို ၁၉၉၇ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ အလျား ၂၂၅၂ပေရှည်ပြီး အခိုင်အမာတံတားကြီးဖြစ်၏။ ဤတံတားကြီးမရှိခင်က ကူးတို့သင်္ဘော၊ ကူးတို့လှေ၊ ကူးတို့ ဇက်ယာဉ်တို့ကိုသာ အားကိုးခဲ့ရသည်။ ယခုအခါ မြန်မာ့ဆောက်လုပ်ရေး အင်ဂျင်နီယာများ၏ ကြိုးပမ်းမှုဖြင့် ဤသဘာဝ အတားအဆီးကြီးကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီ ဖြစ်သည်။

ဘားအံလမ်းခွဲရောက်တော့ မိုးချုပ်သွားသဖြင့် ဘားအံကိုမဝင်ဖြစ်တော့ဘဲ သံလွင်သည် မိုးဖွဲဖွဲတွင် တငြိမ့်ငြိမ့်စီးဆင်းလျက်ရှိ၏။ ဟိုတယ်ဝင်းထဲရှိ အပင်များကြားက ပုစဉ်းရင်ကွဲတို့ အော်မြည်သံကို ကြားနေရသည်။ မြစ်အတွင်း ခုတ်မောင်းသွားသော မော်တော်စက်သံမှာ အတိုးအလျှော့မရှိ ပကတိအတိုင်း မြည်နေသဖြင့် နားထဲတွင် တစ်မျိုးခံစားရသည်။ ကောင်းကင်သည် ညို့မှိုင်းလျက်ရှိသည်။ ဤအတိုင်းသာဆိုလျှင် မနက်ဖြန်ခရီးသည်လည်း မိုးဖွဲဖွဲထဲတွင်သာ ရှိနေပေဦးမည်။

နောက်တစ်နေ့ နံနက်တွင် မော်လမြိုင်က ထွက်ဖြစ်သည်။ သံဖြူဇရပ်သည် မော်လမြိုင်နှင့် မိုင်၅၀ကျော်ဝေးသော်လည်း ဝေးသည်ဟုမထင်ရ။ ကြားတွင် မုဒုံကိုဖြတ်သည်။ မုဒုံသည် အရောင်းအဝယ်ကောင်းမွန်သော ဈေးမြို့တစ်မြို့ဖြစ်သည်။ လမ်းကောင်းသဖြင့် သံဖြူဇရပ်ကို တစ်နာရီခန့်သာ မောင်းရသည်။ စက်စဲနှင့် ကျိုက္ခမီတို့မှာ ရောက်ဖူးပြီးဖြစ်၍ မဝင်တော့ဘဲ သေမင်းတမန်မီးရထားလမ်းဆုံနေရာကို ရောက်ဖြစ်ခဲ့သည်။ တစ်ချိန်က ဂျပန်တို့ တစ်ပိုင်းတစ်စဖောက်လုပ်ခဲ့သော မီးရထားလမ်းဟောင်းနှင့် စက်ခေါင်းအိုကို ကြည့်ပြီး ဖက်ဆစ်တို့လက်အောက် ကျရောက်ခဲ့သောဘဝကို စာနာကြေကွဲမိသည်။ ထို့နောက် မဟာမိတ်တို့၏ စစ်သင်္ချိုင်းသို့ သွားကြည့်သည်။ စစ်အတွင်း ကျဆုံးခဲ့သော မဟာမိတ်စစ်သည်တို့၏ အမှတ်တရ အုတ်ဂူလေးများရှိသည်။ စစ်တို့၏ သဘောကား ဤသို့ပင် ဖြစ်လေသည်။

နံနက် ၁၀နာရီခန့်တွင် သံဖြူဇရပ်မှ ထွက်လာရာ ရေးသို့ မွန်းတည့်ချိန်တွင် ရောက်၍ နေ့လယ်စာစားဖြစ်ကြသည်။ ရေးနှင့် မလွဲတောင်သည် တစ်နာရီခန့်သာရှိသည်။ တောင်ပေါ်လမ်းဖြစ်၍ ကွေ့ကာပတ်ကာ မောင်းရသည်။ တောင်ထိပ်တွင် ကြားစခန်းရှိ၏။ ဤနေရာသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၏ နယ်ခြားမျဉ်းဖြစ်သည်။ တောင်ထိပ်မှ တောင်အောက်သို့ ကွေ့ကာ ပတ်ကာဆင်းလာရာ မြေပြန့်သို့ ပြန်ရောက်လာသည်။ မော်လမြိုင်က စထွက်လာကတည်းက ဤလမ်းကြောင်းသည် ကားနှစ်စီးသွားသာရုံရှိသော်လည်း လမ်းကောင်းသဖြင့် ခရီးတွင်ကြောင်း သတိပြုမိခဲ့သည်။ ကလိန်အောင်ရောက်တော့ မွန်းလွဲ၂နာရီခန့်သာ ရှိသေးသည်။ ကလိန်အောင်နှင့် ထားဝယ်ကြားတွင် ရေဖြူရှိပြီး ခရီးမဝေးတော့သဖြင့် ညနေ၄နာရီ ထိုးခါနီးတွင် ထားဝယ်မြို့တွင်းသို့ ရောက်သည်။ ထိုနေ့က ထားဝယ်တွင် ညအိပ်ဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ထားဝယ်မှ မောင်းမကန်သို့ ထွက်ဖြစ်သည်။ လမ်းဘေးဝဲယာတစ်လျှောက် စိမ်းစိုနေသည့် ရော်ဘာပင်များ၊ ရာသီပေါ်သီးနှံစိုက်ခင်းများ၊ ရွာတန်းရှည်များကို ဖြတ်သန်းခဲ့ရာ စိတ်တွင် ကြည်နူးနေမိသည်။ ရှုခင်းသာနေရာရောက်တော့ အုန်းပင်တန်းများနှင့် ပင်လယ်ပြင်ကို လှမ်းမြင်ရသည်။ ကမ်းခြေသို့မသွားမီ ရေပူစမ်းကို ဦးစွာဝင်ကြည့်ဖြစ်သည်။ အပူဓာတ်၊ ကန့်ဓာတ်ရှိသဖြင့် ကျန်းမာရေးအတွက် လာရောက်ရေစိမ်ရန် သင့်သည်။ ရေချိုးကန်၊ ရေစိမ်ကန်များလည်း ပြုလုပ်ထားသည်။ ထားဝယ်၊ မြိတ်၊ လောင်းလုံမှ ဧည့်သည်များ အလည်လာရင်း ဝင်ရောက် အပန်းဖြေကြကြောင်း သိရသည်။ ရေပူစမ်းနှင့် ကမ်းခြေသည် တစ်ဆက်တည်းလိုဖြစ်သဖြင့် ကမ်းခြေသို့ ဆက်ထွက်လာခဲ့ကြသည်။

မောင်းမကန်သည် ကျွန်တော်တို့ ငယ်စဉ်တောင်ကျေးကတည်းက သီချင်းထဲတွင် ကြားဖူးခဲ့သော ပင်လယ်ကမ်းခြေဖြစ်သည်။ သီချင်းမှာ မေတ္တာဘွဲ့ ဖြစ်သော်လည်း ကမ်းခြေ၏အလှကို စိတ်ထဲတွင် ခံစားကြည့်မိသည်။ မောင်းမကန်သို့ စတင်ရောက်ဖူးစဉ်ကလည်း မျက်စိတစ်ဆုံးရှည်လျားလှသော ချိုင့်ကြီးကိုကြည့်ပြီး ကြည်နူးခဲ့မိသည်။ စိမ်းစိုသော အုန်းပင်တန်းများက ကမ်းခြေ၏ အလှကို ပိုမိုဆွဲဆောင်ထားသလို ရှိသည်။ ကမ်းခြေမှာ ၉မိုင်ခွဲခန့် ရှည်လျား၏။ မောင်းမကန်၏ တောင်ဘက်မျက်နှာစာတွင် အင်္ဂူနှင့် ဘုရားတစ်ဆူရှိသည်။ မျှော်ရစ်ဘုရားမှာ အလောင်းစည်သူမင်းတရားကြီး မြန်မာပြည်တောင်ပိုင်းသို့ ကြွချီရာတွင် တည်ထားကိုးကွယ်ခဲ့ကြောင်း ရာဇဝင်စကားရှိခဲ့ဖူးသည်။ ဤစေတီသည် စစ်ထွက်သွားလေသူအား မျှော်ရင်း လွမ်းဆွတ်တမ်းတ ကျန်ရစ်ခဲ့သော ချစ်သူ၏လွမ်းစေတီဟုလည်း အရပ်စကား ပြောကြသည်။ မည်သို့ပင်ဆိုစေ ကျယ်ပြောလှပသာယာသော ကမ်းခြေတွင် တည်ထားခဲ့သော စေတီတစ်ဆူဖြစ်ရာ အကြောင်းဆက်တော့ ရှိလိမ့်မည်ထင်သည်။

မောင်းမကန်တွင် ဒေသဖြစ် ဘန်ဂလိုငယ်များရှိသည်။ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းက ပြည်တွင်းခရီးသည်များ တည်းခိုနေထိုင်နိုင်ရေးအတွက် အဆင့်မြင့်ဟိုတယ်သစ်တစ်လုံး တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ စင်စစ် **မောင်းမကန်သည် ရန်ကုန်နှင့် မိုင် ၄၀၀ခန့်သာကွာဝေးသည်။ လမ်းခရီးတစ်လျှောက်တွင် ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ဘားအံ၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးစသည့်မြို့များရှိရာ တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ဆွဲဆောင်မှုများ၊ အပန်းဖြေရန် နေရာများ၊ ဒေသထွက် အမှတ်တရပစ္စည်းများ စုံလင်လှသည်။ ခရီးသွားစကားနှင့် ပြောရလျှင် ဆွဲဆောင်မှုရှိသော ခရီးစဉ်တစ်ခု ရေးဆွဲနိုင်သည်။ ကားလမ်း၊ ရေလမ်း၊ ရထားလမ်းနှင့် လေကြောင်းလမ်းများ ပြည့်စုံသည်။** ထားဝယ်၊ မြိတ်မှာ အမြန်ယာဉ်ဖြင့် သွားလျှင် ၃နာရီခွဲအတွင်း ရောက်နိုင်သည်။ မြိတ်–ရန်ကုန် နေ့စဉ်လေယာဉ်ရှိသည်။ မြန်မာ့လေကြောင်း၊ ရန်ကုန်လေကြောင်းနှင့် အဲမန္တလေး တို့အပြင် ပြည်တွင်းလေကြောင်းအသစ်များ မကြာမီ တိုးချဲ့ပျံသန်းတော့မည်ဖြစ်ရာ သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်သည်။ ထားဝယ်မြို့ ပေါ်တွင် ပုလဲဧကရီနှင့် ပန်းဥယျာဉ်ဟိုတယ်နှစ်လုံးသာ ရှိသေးသော်လည်း ဒေသခံလုပ်ငန်းရှင်များက တိုးချဲ့လုပ်ကိုင်ရန် တာစူလျက်ရှိကြသည်။

မောင်းမကန်ကအပြန် ညောပြင်ဘက်သို့ သွားရောက်လေ့လာဖြစ်သည်။ ညောပြင်သည် ထားဝယ်ဒေသတွင် အငူလေးတစ်ငူအဖြစ် ချွန်ထွက်နေသည်။ ညောပြင်နှင့်ထားဝယ်သည် မိုင်၄၀ခန့်ဝေးသော်လည်း သွားလာမှု အဆင်ပြေသည်။ မော်တော်ကားဖြင့် သွားလျှင် သုံးနာရီခန့်ကြာ၏။ ညောပြင်ကမ်းခြေသည်လည်း သာယာလှပသော ကမ်းခြေနေရာဖြစ်ကြောင်း တွေ့ခဲ့ရသည်။

မိမိတို့အဖွဲ့သည် ထားဝယ်ဒေသတွင် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုများပြုလုပ်ကြပြီး နောက်တစ်နေ့ နံနက်တွင် ထားဝယ်လေဆိပ်သို့ ထွက်လာခဲ့ကြသည်။ လေယာဉ်ငယ်သည် ထားဝယ်မြို့မှ ထွက်ခွာပြီး ပင်လယ်ကမ်းရိုးတန်းအတိုင်း ကွေ့ဝိုက်ကာ ကောင်းကင်ယံသို့ ပျံတက်လာသည်။ တိမ်တိုက်များကို ကျော်လွှားလွန်မြောက် သွားသည့်အခါ လဟာပြင်ထဲသို့ ရောက်ရှိလာသည်။ ထိုအခါလေ ယာဉ်မှာ တည်ငြိမ်ပေ့ါပါးစွာ ပျံသန်းလျက်ရှိသည်။ ပြတင်းပေါက်ကတစ်ဆင့် နေရောင်ခြည်၏ အလင်းတန်းကို ကောင်းစွာခံစားရသည်။ တစ်ချက်တစ်ချက် အောက်ဘက်ရှိ တိမ်တိုက်များအကြားက ပြာလဲ့လဲ့ ပင်လယ်ရေပြင်နှင့် စိမ်းညို့ညို့ ကျွန်းကြီးများ ယင်းတို့၏ အနားသတ်တွင် ဖြူလွှလွှသဲသောင်ပြင်တန်းများကို ပန်းချီဆရာ၏ ကောက်ကြောင်းများသဖွယ် မြင်တွေ့ရသည်။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ကျော်ရှိရာ အဖိုးတန် သဘာဝအရင်း အမြစ်များ ဖြစ်သည်။

ထားဝယ်က အထွက်တွင် ရာသီဥတုမှာ ပကတိကြည်လင်သာယာလျက်ရှိသော်လည်း ရန်ကုန်နှင့် နီးလာသည့်အခါ တိမ်ညိုကွက်များကို လှမ်းမြင်ရသည်။ မိုးလေဝသ သတင်းထဲတွင် ဘင်္ဂလားပင်လယ်အော်၌ တိမ်ထူလျက်ရှိကြောင်း ကြားသိခဲ့ရာ ရန်ကုန်အဆင်းတွင် မိုးဖွဲဖွဲထဲမှာပင် ဆင်းသက်နေရလေဦးမလားဟု တွေးတောရင်း လိုက်ပါလာခဲ့မိလေသည်။ ။

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

(ယမန်နေ့ကအဆက်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပုံစံ-(၅)**
**ပြည်ထဲရေးဝန်ကြီးဌာန**
**ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**
**(နည်းဥပဒေ- ၂၇)**

**သို့**

**ဥက္ကဋ္ဌ**
**ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**

**အကြောင်းအရာ။ ။ပြည်ပနိုင်ငံ၏ အာဏာပိုင်ထံသို့ အကူအညီ တောင်းခံပေးရန် တင်ပြခြင်း။**

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)တွင် အကျုံးဝင်သော ပြစ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် ပြည်ပနိုင်ငံ၏ အကူအညီရယူရန် လိုအပ်ပါသောကြောင့် အကူအညီ တောင်းခံပေးနိုင်ပါရန် အောက်ပါ အချက်အလက်များကို ဖော်ပြ၍ တင်ပြအပ်ပါသည်-

၁။ အကူအညီ တောင်းခံခြင်းခံရမည့် နိုင်ငံနှင့် ထိုနိုင်ငံ၏ အာဏာပိုင်အမည်၊ ရာထူး၊ ဌာန၊ လိပ်စာ---------------------------

၂။ အကူအညီတောင်းခံသည့် ကိစ္စနှင့် သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ ---------------------------

၃။ အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ ---------------------------

၄။ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စ ---------------------------

၅။ ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန် ဆောင်ရွက်ရန် ဖော်ပြချက်) ---------------------------

၆။ တောင်းခံသည့် အကူအညီနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ ---------------------------

၇။ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက် ရယူပေးရန်ဖြစ်လျှင် ထိုပုဂ္ဂိုလ်၏ အမည်နှင့် နေရပ်လိပ်စာ ---------------------------

၈။ စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ ရယူပေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း ပြုလုပ်ပေးရန် ဖြစ်လျှင်-
(က) စာတမ်းအမှတ်အသား၊ မှတ်တမ်းအမျိုးအစား ---------------------------
(ခ) လက်ဝယ်ရှိသူ အမည်နှင့်နေရပ်လိပ်စာ ---------------------------

၉။ ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုလုပ်ပေးရန် ဖြစ်လျှင်-
(က) ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဍာန်၊ သိသာ ထင်ရှားသည့် အမှတ်အသား ---------------------------
(ခ) ပစ္စည်းတည်ရှိသည့်နေရာနှင့် အသေးစိတ် အချက်အလက် ---------------------------
(ဂ) သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့်အမိန့်၊ စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက် ---------------------------

၁၀။ သတင်းအချက်အလက် ရှာဖွေဖော်ထုတ်ပေးရန်ဖြစ်လျှင် ဖော်ထုတ်ပေးရမည့် သတင်းအချက်အလက်- ---------------------------

၁၁။ လျှို့ဝှက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန် ဖော်ပြချက် ---------------------------

၁၂။ မြန်မာနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ရာထူး၊ ဌာနနှင့် လုပ်ငန်းတာဝန် ---------------------------

၁၃။ အခြားလိုအပ်သောအချက်များ ဖော်ပြချက် ---------------------------

---------------------
---------------------
**(သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲ)**

စာအမှတ်၊ ---------------
ရက်စွဲ ၊ ---------------

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပုံစံ-(၆)**
**ပြည်ထဲရေးဝန်ကြီးဌာန**
**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**
**(နည်းဥပဒေ-၂၉)**

**သို့**

**--------------**
--------------
-------------- နိုင်ငံ

**အကြောင်းအရာ။ ။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးရန် တောင်းခံခြင်း**

---------------------တွင် ဖြစ်ပွားသောပြစ်မှု ---- --------------နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် ------------နိုင်ငံ၏ အကူအညီရယူရန် လိုအပ်ပါသောကြောင့် အကူအညီပေးပါရန် တောင်းခံအပ်ပါသည်-

၁။ အကူအညီ တောင်းခံသည့်ကိစ္စနှင့် သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ ---------------------------

၂။ အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ ---------------------------

၃။ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ---------------------------

၄။ ဆောင်ရွက်ပေးရမည့်အချိန်ကာလ (အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန် ဆောင်ရွက်ရန် ဖော်ပြချက်) ---------------------------

၅။ တောင်းခံသည့် အကူအညီနှင့် စပ်လျဉ်း၍ မိမိနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်နှင့် အကြောင်းပြချက်များ ---------------------------

၆။ သက်သေခံချက်၊ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက် ရယူပေးရန်ဖြစ်လျှင် ထိုပုဂ္ဂိုလ်၏ အမည်နှင့် နေရပ်လိပ်စာ---------------------------

၇။ စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများရယူပေးရန်၊ ရှာဖွေ သိမ်းဆည်းရန် ဖြစ်လျှင်-
(က) စာတမ်းအမှတ်အသား၊ မှတ်တမ်းအမျိုးအစား---------------------------
(ခ) လက်ဝယ်ရှိသူ အမည်နှင့်နေရပ်လိပ်စာ---------------------------

၈။ ပစ္စည်းကိုရှာဖွေသိမ်းဆည်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း ပြုလုပ်ပေးရန်ဖြစ်လျှင်-
(က) ပစ္စည်းအမျိုးအစား၊ပုံသဏ္ဍာန်၊သိသာထင်ရှားသည့်အမှတ်အသား---------------------------
(ခ) ပစ္စည်းတည်ရှိသည့်နေရာနှင့် အသေးစိတ်အချက်အလက်---------------------------
(ဂ) သက်ဆိုင်ရာ တရားရုံးကချမှတ်သည့် အမိန့်၊ စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက်---------------------------

၉။ သတင်းအချက်အလက် ရှာဖွေဖော်ထုတ်ပေးရန်ဖြစ်လျှင် ဖော်ထုတ်ပေးရမည့် သတင်းအချက်အလက်---------------------------

၁၀။ လျှို့ဝှက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန် ဖော်ပြချက် ---------------------------

၁၁။ မိမိနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူအရာရှိ၏ အမည်၊ ရာထူး၊ ဌာနနှင့်လုပ်ငန်းတာဝန်---------------------------

၁၂။ အခြားလိုအပ်သောအချက်များ ဖော်ပြချက်---------------------------

**ဥက္ကဋ္ဌ**
**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**

မှတ်ချက်။ ။ မဆိုင်သည့် စာသားကို ဖျက်ရန်
စာအမှတ်။------------------
ရက်စွဲ။------------------




**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၉၉၉၆ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင်အားလက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

## တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိန်းနှင့်အတူ အတွင်းရေးမှူး ဦးလယောက်ဇယ်လွမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

## နိုင်ငံတော်မူဝါဒဖြစ်

ပထမဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို ရှင်းပြပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်ဦးတစ်ယောက်၏မူဝါဒလမ်းစဉ်မဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကချမှတ်ထားသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်သာဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အပိုင်းက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြည့်မြောက်သည်အထိ မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ဆက်လက်ကျင့်သုံးမည်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံးကဏ္ဍလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်ပြီးမြောက်သည်အထိ အရှိန်အဟုန်ဖြင့် ဆက်လက်ကျင်းပဆောင်ရွက်သွားမှာဖြစ်ကြောင်း။

## လက်တွဲပူးပေါင်း

ဥပဒေဘောင်အတွင်းရောက်ရှိနေသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲစေရေးနှင့်ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ သဘောထားပြောင်းလဲမှုမရှိဘဲ ဆက်လက်လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ဆက်လက်ပံ့ပိုးကူညီမည်

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက ယခင်အစဉ်အလာကောင်းများနှင့် အညီ အရှိန်အဟုန်မပျက် ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းက မိမိတို့ အဖွဲ့အနေဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိစွာဖြင့် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့်ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ညီလာခံပြီးသည်အထိပါဝင်

အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးကို လည်းပြီးဆုံးသည်အထိ ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း။

## ပူးပေါင်းအားဖြည့်

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တပ်မတော်အစိုးရက ဦးဆောင် တည်ဆောက်နေခြင်းကို တိုင်းရင်းသားပြည်သူများက တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းအားဖြည့် ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါကြောင်း။

## နိုင်ငံတော်လိုအပ်ချက်အလေးထား

ရှေ့ဆက်လက်ကျင်းပမည့် အမျိုးသား ညီလာခံကြီးနှင့်တကွ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်စေရန် နိုင်ငံတော်၏ လိုအပ်ချက်များကို အလေးထားလျက် ကျရာကဏ္ဍက ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

## တင်ပြဆွေးနွေး

ထို့နောက် ကချင်ပြည်နယ်အထူးဒေသ(၁)၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊စိုက်ပျိုးရေး၊ဒေသရိက္ခာဖူလုံရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၇–၁၁–၂၀၀၄**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာချစ်ပန်း”** (အပိုင်း–၄၂)
၁၂:၁၅ ၅။ ပုလင်းရေလှောင်တမံ
၁၂:၂၀ ၆။ မြန်မာရုပ်ရှင် **“ပုဂံမှာသာတဲ့လ”** ရန်အောင်၊ မင်းဦး၊ မေသန်းနု (ဒါရိုက်တာ–မြတ်တင်အေး)
၁၄:၄၅ ၇။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်”** (အပိုင်း–၃၀)
၁၉:၃၀ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၄၅ ၁၃။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မေတ္တာသည် ဆန်းကြယ်လှသည်”** (အပိုင်း–၁၅)
၁၈။ နောက်တစ်နေ့အစီအစဉ်

# မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဉ်များ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးချုပ်၌ မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ Overseas Disaster Relief Organization မှ Mr.Nitou Hisamoto က လှူဒါန်းသည့် မီးသတ်ယာဉ်သုံးစီးနှင့် Dagon Timber Limited မှလှူဒါန်းသည့် မီးသတ်ယာဉ်နှစ်စီး စုစုပေါင်း မီးသတ်ယာဉ်ငါးစီးအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဂျပန်နိုင်ငံ Overseas Disaster Relief Organization မှ Chief Director Mr.Nitou Hisamoto နှင့် Dagon Timber Limited မှ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က မီးသတ်ယာဉ်များ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂျပန်နိုင်ငံ ODRO မှ လှူဒါန်းသည့် မီးသတ်ယာဉ် သုံးစီးအနက် ပုသိမ်မြို့သို့ နှစ်စီး၊ Dagon Timber Limited မှ လှူဒါန်းသည့် မီးသတ်ယာဉ် နှစ်စီးအနက် ဖြူးမြို့နယ်သို့ တစ်စီးပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို ယနေ့ထုတ် သတင်းစာများတွင် ပူးတွဲထည့်သွင်း ဖြန့်ချိထားပါသည်။ မရရှိပါက သက်ဆိုင်ရာ သတင်းစာကိုယ်စားလှယ်များထံတွင် တောင်းယူနိုင်ပါသည်။**

# ဖွံ့ဖြိုးစည်ပင် မြို့နယ်တစ်ခွင် သာယာလှပ အထက်မင်းလှ



ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ဆာယာရေစုပ်ပန့်အသုံးပြု၍ တူးဖော်နေသည့် စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းမှုကို ဤသို့တွေ့ရသည်။

## သတင်းဆောင်းပါး

## အထက်မင်းလှ – ညွန့်အောင်

**အထက်မင်းလှ။**

အထက်မင်းလှဆိုသည်မှာ မကွေးတိုင်း သရက်ခရိုင်အတွင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော မြို့လေးတစ်မြို့ ဖြစ်သည်။ အမည်တူ သာယာဝတီခရိုင် ပဲခူးတိုင်း မင်းလှမြို့ရှိနေသဖြင့် လွယ်ကူစွာ သိရှိနိုင်ရန် **'အထက်မင်းလှ'**ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

အထက်မင်းလှသည် သမိုင်းဝင် ရှေးခေတ် မြို့ပြနိုင်ငံများဖြစ်သော ပုဂံနှင့် သရေခေတ္တရာတို့၏ အလယ်ဗဟို ဗိသနိုးမြို့ဟောင်းနှင့် ရင်ပေါင်တန်းလျက် အနေအထားတွင် ရှိသည်။

ရှေးက အထက်မင်းလှ၏ ထွက်ကုန်များဖြစ်သော မင်းလှသနပ်ခါး၊ မင်းလှထိုးဝါး၊ မင်းလှမီးသွေး၊ မင်းလှအိုးစည်တို့မှာ လူသိများလှသည်။

အထူးသဖြင့် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲတွင် မြန်မာတို့၏ သူ့ကျွန်မခံ မြန်မာ့ဇာတိမာန်ကို ပြသခဲ့သော **'မင်းလှခံတပ်ကြီး'**သည် အထက်မင်းလှ၏ ထင်ရှားသော အထိမ်းအမှတ်တစ်ခုဖြစ်သည်။

အထက်မင်းလှမြို့နယ်၏ အဓိကထွက်ကုန်သီးနှံများမှာ ဝါ၊ ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ ပြောင်းတို့ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ဝါအထွက်ဆုံး မြို့နယ်ဖြစ်သည်။

အထက်မင်းလှသည် မိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိသဖြင့် ပူပြင်းလှသည်။ သောက်ရေ၊သုံးရေရှားပါးသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းမှုနည်းပါးသည်။ ဖွံ့ဖြိုးမှု နည်းပါးသော မြို့နယ်တစ်နယ်ဟု ဆိုနိုင်သည်။

ယခုတော့ အထက်မင်းလှသည် ယခင်ကနှင့် လုံးဝမတူ။ **'မိုးမှာ ဖွက်ထူ၊ နေပူဖုန်ထ၊ မြို့မင်းလှ'**ဘဝက ပြောင်းလဲခဲ့ပြီ။ လုံးဝပြောင်းလဲခဲ့ပြီ။

ပြောင်းလဲခြင်းကား နိုင်ငံတော်၏ ကျေးဇူးတရားပင်ဖြစ်သည်။ နိုင်ငံတော်ကို တပ်မတော်အစိုးရ တာဝန်ယူပြီးချိန်မှစ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများအားလုံးကို ပြောင်းလဲခဲ့သည်။

ထိုနည်းအတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့သည်။

ဤသို့ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောဝန်ကြီးဌာနများ ကိုလည်း တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်တွင် မြို့ပြနှင့် ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။

ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ စည်ပင်သာယာရေးဦးစီးဌာနသည် အထက်မင်းလှကို ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ဆောင်ရွက် သည့်နေရာတွင် ရှေ့ဆုံးမှပါဝင်ခဲ့သည်။

အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုသိမ်–မုံရွာလမ်း (လက်ပံတံခါးအပိုင်း)ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။



စည်ပင်သာယာရေးဦးစီးဌာန၏ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၁၉၉၈–၁၉၉၉ခုနှစ်တွင် ပြည်တော်သာလမ်း ပေ ၁၉၈၀၊ သစ္စာလမ်း ပေ ၆၆၀၊ ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကျပ်ငွေ ၇၃၀၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့သည်။ ၁၉၉၉–၂၀၀၀ခုနှစ်တွင် ပြည်တော်သာလမ်း ပေ ၆၆၀၊ အေးစေတီလမ်း ၁၂၈၆ပေ၊ မြင်သာထိပ်လမ်း ၃၃၃ ပေ ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကျပ်ငွေ ၇၄၇၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

၂၀၀၀–၂၀၀၁ခုနှစ်တွင် အမှတ် (၄)ရပ်ကွက် အုတ်ရေမြောင်းပြုလုပ်ခြင်းအတွက် ကျပ်ငွေ ၆၃၀၀၀၀ ကုန်ကျခဲ့ပြီး ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ဈေးမြောက်ဘက်လမ်း ပေ ၇၂၀၊ ပြည်တော်သာလမ်း ပေ ၁၂၀၀ကတ္တရာ ခင်းခြင်းလုပ်ငန်းများကို ကျပ်ငွေ ၁၆၁၇၉၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

၂၀၀၂–၂၀၀၃ ခုနှစ်တွင် ခံတပ်ကြီးလမ်း ကျောက်ကြီးစီ၊ မြေနီခင်းခြင်း ပေ ၆၀၀၊ ဈေးအနောက်ဘက်လမ်း ကျောက်ကြီးစီ၊ မြေနီခင်းခြင်း ပေ ၆၀၀ နှင့် ကွန်ကရစ်တံတား နှစ်စင်းပြုလုပ်ခြင်းအတွက် ငွေကျပ် ၁၆၇၈၀၀၀ ကုန်ကျခဲ့သည်။

၂၀၀၃–၂၀၀၄ ခုနှစ်တွင် ဈေးအနောက်ဘက်လမ်း ကျောက်ကြီးစီ၊ မြေနီခင်းခြင်း ပေ ၆၀၀ နှင့် မြို့တွင်းလမ်းများ ပခုံးတင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၉၆၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည့်အပြင် အနော်ရထာလမ်းအား မြေထိုးစက်ဖြင့် မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနေဖြင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် ၁၉၉၈–၁၉၉၉ မှ ၂၀၀၃–၂၀၀၄ခုနှစ် အထိ အဖွဲ့ရန်ပုံငွေမှ ကျပ် ၉၆ ဒသမ၂ သိန်းအကုန်အကျခံဆောင်ရွက်ခဲ့သည်။

၎င်းပြင် နိုင်ငံတော် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ဖြင့် ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ပုသိမ်–မုံရွာ ဆက်လမ်း (လက်ပံတံခါး) အပိုင်းတွင် ၂ ဒသမ ၄ မိုင် ကျောက်ချောလမ်းခင်းနိုင်ခဲ့ပြီး ၂၀၀၄–၂၀၀၅ ခုနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ ဖြင့် ကျောက်လမ်းပေ ၃၆၀၀အားလည်းကောင်း၊ ထောက်ပံ့ငွေ ကျပ် ၂၆၄ သိန်းဖြင့် စစ္စနို့ – ကံတုတ်–ရေနံ့မ ကျောက်ခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး (၅)ရပ်တွင် ပါဝင်သော ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ရာတွင် ၁၉၉၉–၂၀၀၀ ခုနှစ်မှစ၍ နှစ်စဉ် တိုးမြှင့် ဆောင်ရွက် ခဲ့သဖြင့် ကန်တုတ်၊ ဒီးတုတ်ကန်၊ ကျောက်ပုံ၊ စစ်သူငယ်၊ ကွေ့ကျော၊ ကန်ကျော၊ ခါးဇတ်၊ သံပရာကန်၊ ပန်းတော်ပြင်၊ မယ်ဇလီတော၊ ဘွေးကြီး၊ ထန်းကိုင်း၊ ညှင်းသွန်းစသော ကျေးရွာများတွင် စက်ရေတွင်းများဖြင့် ရာသီမရွေး၊ အချိန်မရွေး သောက်ရေ သုံးရေ ဖူလုံနေလေပြီ။

ယခင်ကကဲ့သို့ ရေရှားသော၊ ငွေရှားသော ကျေးရွာများ မဟုတ်တော့။ မြေပေါ်မြေအောက်ရေရရှိရေး လုပ်ငန်းများတွင် ဆာယာရေစုပ်ပန့်များက များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။

ဆာယာရေစုပ်ပန့်များသည် ရေစုပ်၊ ရေတင်ခြင်း၊ ရေဖြန့်ဝေခြင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများအတွက် အသုံးဝင်လှသည်။

မည်သို့ပင် ဆိုစေ မြို့ပြ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော်တိုးတက်ခြင်းဖြစ်သည်။

**အထက်မင်းလှမြို့နယ်ရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် စည်ပင်သာယာရေး အဖွဲ့အနေနှင့် ၁၉၉၉–၂၀၀၀ခုနှစ်တွင် ငွေကျပ် ၃၈၅၀၀၀၊ ၂၀၀၀–၂၀၀၁ခုနှစ်တွင် ငွေကျပ် ၆၀၀၀၀၀၊ ၂၀၀၁–၂၀၀၂ခုနှစ်တွင် ငွေကျပ် ၇၀၀၀၀၀၊ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ငွေကျပ် ၃၈၈၀၀၀၀ အကုန်အကျခံသုံးစွဲခဲ့သည်။**

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ခဲ့ကြပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းများရှိခဲ့သဖြင့် များစွာဂုဏ်ယူ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များ ရေပေးဝေရေး လုပ်ငန်းကိုလည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ငွေကျပ် ၂၄၂၀၀၀၊ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ငွေကျပ် ၆၈၀၀၀၀၊ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ငွေကျပ် ၇၇၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၆၉၂၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို စီမံကိန်းများချမှတ်ပြီး နှစ်စဉ် တိုးမြှင့် ဆောင်ရွက်ခဲ့သည်။

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သာယာလှပရေးလုပ်ငန်းများဖြစ်သော နေ့စဉ်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပျိုးဥယျာဉ်များ ထူထောင်၍ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ မိုးရာသီချုံနွယ်ပိတ်ပေါင်းများ၊ မြက်ပင်များကို ရှင်းလင်းခြင်း၊ ဖြတ်တောက်ခြင်း၊ ပန်းခုံနှင့် မြို့ဝင်ဆိုင်းဘုတ် ပန်းခြံ၊ မြရောပြည်သူ့ဥယျာဉ်တို့တွင် ပန်းအလှပင်များ အကွက်ဖော် စိုက်ပျိုးခြင်း၊ မြို့တွင်းရွှံ့ဗွက်ရေအိုင်များ မြေနီလမ်းခင်းပြုပြင်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။

အထက်မင်းလှမြို့နယ်ရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် စည်ပင်သာယာရေးအဖွဲ့အနေနှင့် ၁၉၉၉–၂၀၀၀ ခုနှစ်တွင် ငွေကျပ် ၃၈၅၀၀၀၊ ၂၀၀၀–၂၀၀၁ခုနှစ်တွင် ငွေကျပ် ၆၀၀၀၀၀၊ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ငွေကျပ် ၇၀၀၀၀၀၊ ၂၀၀၂ – ၂၀၀၃ ခုနှစ်တွင် ငွေကျပ် ၃၈၈၀၀၀၀ အကုန်အကျခံသုံးစွဲခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် သူ့ကျွန်မခံ အမျိုးသားရေးဇာတိမာန်ကို ပြဆိုနေသော မင်းလှခံတပ်ကြီးဖြင့် ထည်ဝါဂုဏ်တင့်လှသည့် အထက်မင်းလှမြို့ကလေး၏ သန့်ရှင်းလှပသာယာ ဖွံ့ဖြိုးတိုးတက်သော သမိုင်းသစ် ဖွင့်လှစ် နိုင်ခဲ့ခြင်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းစွမ်းဆောင်မှုရလဒ်များပင်ဖြစ်ပေသည်။ ။

အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကအချိန်မရွေး၊ ရာသီမရွေး သောက်သုံးရေရရှိစေရန် တူးဖော်ဆောင်ရွက်ပေးခဲ့သည့် ထန်းကိုင်းကျေးရွာရှိ စက်ရေတွင်းကို ဤသို့တွေ့ရသည်။



## ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး စေတနာရှင်များလှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

## ပန်းတနော်အထကရွှေရတုသဘင်ပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ပန်းတနော်မြို့အခြေခံပညာ အထက်တန်းကျောင်း၏ နှစ် (၅၀) ပြည့် ရွှေရတုသဘင်ပွဲနှင့် ၁၉၅၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သောအသက် (၆၀)အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများအား မြတ်ဆရာ ပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၀ ရက်တွင် အထကကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများနှင့် အလှူပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးကြွေစိန် ဖုန်း-၀၁-၆၈၁၆၀၇၊ ဒေါ်ချော ဖုန်း-၀၉၉၉-၂၆၄၀၈၊ ဦးတင်စိုး ဖုန်း-၇၂၁၆၁၆၊ ဦးတင်ညွန့် ဖုန်း-၀၁-၆၄၁၈၂၉၊ ဦးခင်လှ ဖုန်း-၀၁-၂၄၀၉၆၆/ ၅၆၁ ၊ ဦးမြကြိုင်- ဒေါ်စောဟန် ဖုန်း-၆၄၂၉၉၃၊ ဦးထွန်းထွန်း-ဒေါ်ခင်စန်းမြင့် ဖုန်း-၀၉-၈၀-၂၃၇၆၉၊ မန္တလေးမြို့တွင် ဦးကံမြင့် ဖုန်း-၀၂-၇၀၂၉၄၊ ပန်းတနော်မြို့တွင် ဦးစိန်ဝင်း ၀၄၅-၂၁၅၇၄/၁၂၂၊ ဦးမောင်တိုး ဖုန်း-၀၄၅-၂၁၅၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## အေးမြမေတ္တာဆရာတော် တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

မိဘနှစ်ပါးအား ရည်စူး၍ ပခုက္ကူမြို့ အမှတ် (၄)ရပ်ကွက် စာရေးတန်းလမ်း ပန်းဝါညွှန့်ခံ ပစ္စည်းဌာန မောင်နှမများဖြစ်ကြသော ဦးသန်းထွန်း၊ ဒေါ်မြမြ၊ ဒေါ်လှလှ၊ ဒေါ်မူမူစမ်း၊ ဦးစိုးဝင်းမြင့်၊ ဒေါ်မူမူသန်းတို့က ကျင်းပအပ်သော ပန်းဝါ ဓမ္မသဘင်တွင် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက် ညများ၌ အေးမြမေတ္တာဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(ကျိုက်လတ်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

## ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ၁၆း၁၅နာရီ အချိန်တွင် ဦးမိုက်ကယ်(ခ) ဦးမြင့်ဦးသည် ကစားဖော်များဖြစ်သော Ramlssh Keemar Jalan (ခ) ဦးမြင့်အောင်(မြရတနာ)၊ ဦးတင်မြင့်(Asia King)၊ ဦးလှဦး(သစ်တော)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၄)၊ ၁၆၈ ကိုက်အကွာမှ 22. Precept (D.Feel) ဘောလုံးအား Wilson Staff Iron No.(5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(က-ပ)

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**



**သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်မှ ဒေါ်ဥတ္တရာ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ်တစ်သိန်းကို အောက်တိုဘာ ၇ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်က လက်ခံယူစဉ်။** (က-ပ)

## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊အဝေး၊ အနိမ့်နှင့်အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## မင်္ဂလာဆုတောင်း

### ကိုဝေဖြိုး

(Bachelor of Science in Business Administration),USA

Managing Director(Cho Cho Co.,Ltd,Yathar Cho Co.,Ltd,

Yathar Cho Industry Ltd,Cho Cho Industry Ltd.)

နှင့်

### မယုမွန်

B.Tech (Biomedical Science)1st Class Honours

Ph.D (Molecular Medicine and Pathology)Thesis

AUCKLAND University, Newzealand

MD ကိုဝေဖြိုးနှင့် မယုမွန်တို့၏ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၆ ရက် မင်္ဂလာအခါသမယ နေ့မှစ၍ ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင် အတူတကွ ဘဝခရီးတစ်လျှောက် သာယာဖြောင့်ဖြူးကာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒ ပြည့်ဝနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ရသာချိုစက်မှုလုပ်ငန်း**

**လီမိတက်မှ ဝန်ထမ်းများ။**

## မင်္ဂလာဦး ဆွမ်းကျွေး ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ အမှတ် ၃၃၀၊ ၇၆လမ်း၊ ၂၇-၂၈လမ်းကြားနေ
ဦးတင်အောင်-ဒေါ်အမာကြည်တို့၏သား
**မောင်ကျော်ကျော်အောင်** B.Sc.(Botany) Hons.
ဒု-အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၂လမ်း၊ အမှတ် ၂၇ (၁/က)နေ
ဦးစိုးနိုင်(ဆောက်/လျှပ်၊ငြိမ်း)-ဒေါ်ထွေးကျင်တို့၏သမီး
**မနီလာနိုင်** B.Sc (Maths) Q
ဒု-အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန

တို့၏ ၂-၁၁-၂၀၀၄ ရက်တွင် လက်ထပ်ထိမ်းမြားမင်္ဂလာ လက်မှတ်ရေးထိုးပေးသော (တွဲဖက်တိုင်းတရားသူကြီး) ဦးအောင်ဝင်းအားလည်းကောင်း၊ ၆-၁၁-၂၀၀၄ ရက်မဟာစည်သာသနာ့ရိပ်သာ (ဓမ္မသာလာခန်းမ)တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုအေးနိုင်( MRTV-3 )၊ ဓာတ်ပုံမှတ်တမ်းတင်ပေးသော တက္ကသိုလ်စိန်ဝင်း၊ မေတ္တာဖြင့်ကူညီပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော မိတ်ဆွေသူငယ်ချင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့် မောင်ကျော်ကျော်အောင်-မနီလာနိုင်**


Y.E.S.

Basic Spoken English : NOV - 1, 8, 15, 27, 29
Pre - Intermediate English : NOV - 13, 15, 29
Intermediate English, Basic Writing : NOV - 22, 27
SAT ( I ), IELTS, TOEFL : NOV - 2, 27, 29
Grammar Foundation Course : NOV - 27
SAT(II), 4-Skills, Vocabulary Enrichment, AWC



ဦးမြင့်သူ
B.Com(Q), C.P.A (II)
L.C.C.I (Level I, II, III)






## ရွှေကျီးမင်း ရွှေဆိုင်

**သီတင်းကျွတ်အထူးအစီအစဉ်**

၁၆ ပဲ, ၁၅ ပဲ ရွှေရည်ပြည့်ကြောင်း လုံးဝအာမခံသည်။

**ဦးမြသန်း + ဒေါ်ယဉ်ထား**

အမှတ် (၅၂၀)၊ မဟာဗန္ဓုလလမ်း၊ ရွှေဘုံသာလမ်းနှင့် ၂၈ လမ်းကြား
ရန်ကုန်မြို့။ ☎ ၂၄၆၃၂၇၊ ၃၇၉၃၃၂

**၁၆-၁၀-၀၄ မှ ၁၆-၁၁-၀၄ ထိ လက်ကားဝယ်ယူသော ရွှေကုန်သည်ကြီးများအား ...မြင့် မေတ္တာလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။**



ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ အောက်တိုဘာ ၂၉ရက်က ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပရာ ရန်ကုန်မြို့ ၁၀မိုင် စော်ဘွားကြီးကုန်းရပ်နေအလှူရှင် ဒေါ်မြသိန်းအမှူးပြုသော ရပ်ရှင် သရုပ်ဆောင် ဦးသုမောင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဂေဟာအကျိုးတော်ဆောင်အဖွဲ့ နာယကက လက်ခံရယူစဉ်။ (က-ပ)

# မဘိမ်းမြို့၌ မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**မဘိမ်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မဘိမ်းမြို့၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက မဘိမ်းမြို့ မြို့မအားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် အားကစား ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**





အောက်တိုဘာ ၅ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တောင်ငူတက္ကသိုလ် လမ်းမပေါ်ရှိ သစ်သားတံတား အမှတ်(၀/၂) အား တိုးချဲ့ပြင်ဆင်မှုကိုအမှုဆောင် အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

အောက်တိုဘာ ၁၅ ရက်က ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်တိုင်လမ်း ကျောက်ချောခင်းရန် ကျောက်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



# နတ်တလင်းမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များဖွင့် အလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

နတ်တလင်း အောက်တိုဘာ ၃၁

**နတ်တလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းလွင် ဦးဆောင်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်ဝင်းနှင့် ဝန်ထမ်းများ အောက်တိုဘာ ၁၈ ရက်က ကျန်တောကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဖူးညွန့်ဝေဆာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။** (အပေါ်ပုံ)

ဆက်လက်၍ ချောင်းသုံးခွ ကျေးရွာအုပ်စု ညောင်ငုတ္တိုအမကာ၌ ပညာ့ရောင်ခြည် စာကြည့်တိုက်ကို လည်းကောင်း၊ ကျွဲသေကျေးရွာ၌ နေလင်းရောင်ခြည် စာကြည့်တိုက်ကို လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

အလားတူ အောက်တိုဘာ ၁၉ ရက် နံနက်က သာယာကုန်း ကျေးရွာအုပ်စု၌ သူရိယစန္ဒာစာကြည့်တိုက်ကိုလည်းကောင်း၊ ကျီးပင်ဆင်ကောင်း ကျေးရွာ၌ ပွင့်သစ်စ စာကြည့်တိုက်ကို လည်းကောင်း၊ ကျခတ်တန်းကျေးရွာ၌ သုခမိန်စာကြည့်တိုက်ကိုလည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက် ကော်မတီများ ဖွဲ့စည်းအပ်နှံကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်ဝင်း နှင့် အလှူရှင်များက စာအုပ်များ၊ စာစောင်များ ပေးအပ်လှူဒါန်းကြ ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သောက်သုံးရေရရှိရေး တူးဖော်ဆောင်ရွက်

**မင်းလှ အောက်တိုဘာ ၂၅**

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ ဂင်ဒိတ်ကုန်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တစ်လက်မခွဲ အဝီစိတွင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ရာသို့ အောက်တိုဘာ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်လင်းဦးတို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။ **(က-ပ)**



ကျိုင်းတုံမြို့ သန့်ရှင်း သာယာလှပရေးအတွက် အောက်တိုဘာ၂၅ရက်က မြို့လယ်လမ်း လမ်းဘေး ရေမြောင်းအတွင်း အမှိုက် များ ဆယ်ခြင်းလုပ်ငန်းအားမြို့နယ်စည် ပင် သာယာရေးအဖွဲ့မှ ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့် ဒုတိယဦးစီးမှူး ဦးစန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အောက်တိုဘာ၂၉ ရက်က အင်္ဂပူမြို့နယ် ချင်းချောင်းကျေးရွာ အုပ်စု တောင်ပေါ်ကုန်းရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများ အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိုးသို့ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)





# ကြီးကြပ်ဆောင်ရွက်

လှည်းကူးမြို့နယ် ဖောင်ကြီး လမ်းမှ နွတ်ခမ်းမွေးသိုက်ကျေးရွာသို့ ဆက်သွယ်သော မြေသားလမ်းအား စက်ယန္တရားဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂)-(မြို့ပြ) ဦးကြည်စင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



လွယ်ဂျယ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က လက်ထောက်ညွှန်ကြားရေးမှူး(ပြည်နယ်) ဦးအောင်ဖူး၊ တာဝန်ခံအရာရှိ ဦးဂျီကွေ့ဖုံနှင့် ဝန်ထမ်းများ ပါဝင်၍ နယ်မြေခံတပ်နယ်မှ အရာရှိနှင့် စစ်သည်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ အမှိုက်များနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းကြစဉ်။ (က-ပ)

# မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ(၁၉၆၆-၁၉၇၂)ပညာသင်နှစ်များတွင် သင်တန်းတက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၁၈-၁၂-၂၀၀၄ (စနေနေ့)တွင် အထက(၁) ကျောင်းတံတား၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် လှူဒါန်းလိုသူများသည် ဦးစိန်မြင့်(ပန်းတောင်း) ကျောင်းအုပ်ကြီး အထက(၅)ဗိုလ်တထောင် ဖုန်း-၂၀၁၄၁၇၊ ဒေါ်မြင့်မြင့်သန်း (ရွှေတောင်) ညွှန်ကြားရေးမှူး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၅၄၄၉၇၉၊ (အိမ်)၃၇၁၃၁၂၊ ဒေါ်ခင်စန်းဝင်း (မင်းလှ) ကျောင်းအုပ်ကြီး အထက(၁) ကျောက်တံတား ဖုန်း-၃၇၆၇၁၀၊ ဒေါ်ခင်သန်းအေး (မုဒုံ) ကျောင်းအုပ်ကြီး အလက(၂) သဃ်န်းကျွန်း ဖုန်း-၅၇၇၈၇၆ (အိမ်) ၆၅၃၃၀၆၊ ဒေါ်သန်းသန်းအေး(မြိတ်) ကျောင်းအုပ်ကြီး အလက (၁) လှိုင် ဖုန်း-၅၃၄၇၃၈၊ ဒေါ်သန်းသန်းဌေး (သုံးခွ) ဖုန်း-၅၅၅၅၆၊ ဒေါ်သန်းဌေး (သန်လျင်/ကျောက်တန်း) ဖုန်း-၆၆၁၉၆၇ နှင့်ဒေါ်ခင်မူမူ(ဦးစီးအရာရှိ သဃ်န်းကျွန်း ပညာရေးကောလိပ်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကျိုက္ခမီမြို့ ရေလယ်ဆံတော်ရှင်မြတ်ဘုရား အဘိဓမ္မာအခါတော်နေ့ကျင်းပ

**ကျိုက္ခမီ နိုဝင်ဘာ ၄**

ကျိုက္ခမီမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၅၅)ကြိမ်မြောက် (သီတင်းကျွတ်လပြည့်နေ့) အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို အောက်တိုဘာ ၂၈ရက်က ဂေါပကအဖွဲ့ရုံး သီရိရတနာ ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ပရိသတ်တို့က ကျိုက္ခမီမြို့ ဝိဇယာရာမဝက်သိုးကျောင်းတိုက် ဆရာတော်ထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဇနီးဒေါ်ဇင်မေဟန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများ၊ဘုရားဖူးပြည်သူများက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ **(၁၆၈)**





**အောက်တိုဘာ ၂၂ ရက်က မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကြီးအောင်ရပ်ကွက်ကြားရှိ ရေဆိုးထုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများနှင့် ရပ်မိရပ်ဖများက မြေတူးစက်ဖြင့် ရေနုတ်မြောင်း တူးဖော်မှုကို အမှုဆောင်အရာရှိဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# မူဆယ်မြို့တွင် ကျေးလက်လမ်း တိုးချဲ့ဖောက်လုပ်ဆောင်ရွက်

**မူဆယ် နိုဝင်ဘာ ၄**

မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်၊ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျနှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက်က မူဆယ်မြို့နယ် မန့်မိုင်ရွာမှ ပွိုင့် ၄၅၆၁ တောင်ကုန်းသွား ကျေးလက်မြေသားလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

## ဖောက်လုပ်သွားမည်

မူဆယ်မြို့နယ် မန့်မိုင်ရွာမှ ပွိုင့် ၄၅၆၁ တောင်ကုန်းသွား မြေသားလမ်းကို မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားများဖြင့် အရှည် ၃ဒသမ၀၉၈မိုင်နှင့် အကျယ် ပေ၃၀အထိ တိုးချဲ့ ဖောက်လုပ်လျက်ရှိပြီး ပွိုင့် ၄၅၆၁ တောင်ကုန်းမှ မိုင်းယုရွာသို့ ဆက်လက်ဖောက်လုပ်သွားမည် ဖြစ်သည်။

**(မြို့နယ် စည်ပင်)**



**အောက်တိုဘာ ၂၃ ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးဆယ်မောင်၊ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်ခင်မာမာဝင်းနှင့် အဖွဲ့က စုပေါင်း၍ ဗိုလ်ချုပ်လမ်းရှိ ပန်းဥယျာဉ်အတွင်း ပန်းအလှများဖြင့် မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

# ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပမည်

သတင်းဆောင်းပါး
ကိုထွေး

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ၇ရက်(ယနေ့)မှစတင်၍ ဒီဇင်ဘာ ၁၅ ရက်အထိကျင်းပမည်ဖြစ်သည်။ ရန်ကုန်တိုင်းအတွင်း၌ ၄၅ မြို့နယ်ရှိသည့်အနက် သွားရေးလာရေးခက်ခဲသော တောင်ပိုင်းခရိုင်မှ ကိုကိုးကျွန်းမြို့နယ် မပါဝင်နိုင်၍ ကျန် ၄၄ မြို့နယ် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ၄၄မြို့နယ်ကို ဇုန်လေးဇုန်ခွဲ၍ အုပ်စုပတ်လည် ပွဲစဉ်များယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများကို ဇုန်အလိုက်နေရာချထားပေးခဲ့ရာ တောင်ပိုင်းခရိုင်သန်လျင်ဇုန်၌ ကိုးသင်း၊အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ဇုန်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)ဇုန်တို့၌ ၁၄ သင်း၊ အနောက်ပိုင်းခရိုင် နဝဒေးဇုန်၌ ၁၃ သင်း၊ မြောက်ပိုင်းခရိုင် အင်းစိန်ဇုန်၌ ရှစ်သင်းပါဝင်ကြသည်။

## သန်လျင်ဇုန်

တောင်ပိုင်းခရိုင် သန်လျင်ဇုန် ပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်မှ စတင်၍ သန်လျင်သီဟဒီပအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ သန်လျင်ဇုန်၌ ပါဝင်သော ကိုးသင်းကို အုပ်စုသုံးစုခွဲထားရာ အုပ်စု(က)၌ တွံတေးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကျောက်တန်းမြို့နယ်။ အုပ်စု (ခ)၌ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် သန်လျင်မြို့နယ်။ အုပ်စု(ဂ)၌ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ ပါဝင်ကြသည်။ သန်လျင်ဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၂၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ပထမရရှိသော အသင်းနှင့် ဒုတိယရရှိသော အသင်းတို့သည် ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

## အရှေ့ပိုင်းခရိုင်

အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ဇုန်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) ဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်၌ စတင်ကျင်းပမည်ဖြစ်သည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း)အားကစားကွင်း၌ အုပ်စု(က)နှင့် အုပ်စု(ခ)ပွဲစဉ်များကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အားကစားကွင်း၌ အုပ်စု(ဂ)နှင့်အုပ်စု(ဃ)ပွဲစဉ်များကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အရှေ့ပိုင်းခရိုင်၌ပါဝင်သော ၁၄သင်းကို အုပ်စုလေးစုခွဲထားရာ အုပ်စု(က)၌ တာမွေမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံ မြို့သစ်(မြောက်ပိုင်း) မြို့နယ်။ အုပ်စု(ခ)၌ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ရန်ကင်းမြို့နယ်။ အုပ်စု(ဂ)၌ မင်္ဂလာတောင် ညွန့်မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်။ အုပ်စု(ဃ)၌ သာကေတမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် တောင်ဥက္ကလာပ မြို့နယ်တို့ပါဝင်ကြသည်။ အရှေ့ပိုင်းခရိုင် ပွဲစဉ်များကို နိုဝင်ဘာ ၂၃ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ပထမရရှိသော အသင်းနှင့် ဒုတိယရရှိသောအသင်းတို့သည် ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

## နဝဒေးဇုန်

အနောက်ပိုင်းခရိုင် နဝဒေးဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၈ရက်မှ စတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ နဝဒေးဇုန်တွင် ၁၃သင်းပါဝင်ရာ အုပ်စုလေးစုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။အုပ်စု(က)၌ ဗဟန်းမြို့နယ်၊ ကြည့်မြင်တိုင် မြို့နယ်၊ ဆိပ်ကမ်းမြို့နယ်နှင့် အလုံမြို့နယ်။ အုပ်စု(ခ)၌ ကျောက်တံတား မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်။ အုပ်စု(ဂ)၌ လသာမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဒဂုံမြို့နယ်။ အုပ်စု (ဃ)၌ စမ်းချောင်းမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့ ပါဝင်ကြသည်။ နဝဒေး ဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၂၅ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ပထမရရှိသောအသင်းနှင့် ဒုတိယဆုရရှိသော အသင်းတို့သည် ဒုတိယအဆင့်သို့တက် ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။

## အင်းစိန်ဇုန်

မြောက်ပိုင်းခရိုင် အင်းစိန်ဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၈ရက်မှစတင်၍ အင်းစိန်မြို့နယ် မီးရထားအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ အင်းစိန်ဇုန်တွင် ပါဝင်သည့် ရှစ်သင်းကို အုပ်စုနှစ်စု ခွဲထားရာ အုပ်စု(က)၌ ထန်းတပင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်။ အုပ်စု(ခ)၌ မင်္ဂလာဒုံမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ ပါဝင်ကြသည်။ အင်းစိန်ဇုန်ပွဲစဉ်များကို နိုဝင်ဘာ ၂၄ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ပထမရရှိသော အသင်းနှင့် ဒုတိယရရှိသောအသင်းတို့သည်ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိကြမည် ဖြစ်သည်။

## ဒုတိယအဆင့်

ခရိုင်ဇုန်များမှ ပထမနှင့် ဒုတိယရရှိကြသော အသင်းရှစ်သင်းကို အုပ်စုနှစ်စုခွဲ၍ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်များကို အင်းစိန်မြို့နယ် မီးရထားအားကစားကွင်း၌ နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပထမ အကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၀ရက်တွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၁ရက်တွင် လည်းကောင်း၊ တတိယနေရာလုပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် လည်းကောင်း မီးရထား အားကစားကွင်း၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

## ဗိုလ်လုပွဲ

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ရက် ညနေပိုင်းတွင် အောင်ဆန်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပွဲဦးထွက် ပွဲစဉ်အဖြစ် အနောက်ပိုင်းခရိုင် နဝဒေးဇုန် အုပ်စု(ခ)မှ မရမ်းကုန်း မြို့နယ်နှင့် လှိုင်မြို့နယ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၃ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် မရမ်းကုန်းမြို့နယ် အသင်း ဗိုလ်စွဲထားသည်။

## လက်ရှိချန်ပီယံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်း အောင်မြင်မှုရရှိရေး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အလားအလာရှိသော မျိုးဆက်သစ် ဘောလုံး အားကစားသမားများ ဖော်ထုတ်ပေးရန်နှင့်ရန်ကုန်တိုင်းမှ နိုင်ငံ့ကိုယ်စားပြု ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ကျင်းပပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ (၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်း ဗိုလ်စွဲထားသည်ဖြစ်ရာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ယခုကျင်းပမည့် ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် များစွာ အထောက်အကူ ရရှိစေမည် ဖြစ်ကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## သင်တန်းသားများခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အောက်ဖော်ပြပါ သင်တန်းကျောင်းများမှ သင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

| စဉ် | သင်တန်းကျောင်း | သင်တန်းအမည် | သင်တန်းသားဦးရေ |
|---|---|---|---|
| (၁) | ဆောင်းဒါးရက်ကန်းကျောင်း | (က) ရိုးရာလွန်းရာကျချိတ်(၆)လသင်တန်း (၁–၁၂–၂၀၀၄ စတင်ဖွင့်မည်) | ၁၀ဦး |
| | | (ခ) ရွှေချည်ထိုး၊ငွေချည်ထိုး(၃)လသင်တန်း (၁–၂–၂၀၀၅ စတင်ဖွင့်မည်) | ၁၀ဦး |
| (၂) | အခြေခံရက်ကန်းကျောင်းများ (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊မင်းတပ်၊ကျောက်မဲ) | (က) လက်ရက်ကန်း(၆)လသင်တန်း (၁–၁၂–၂၀၀၄ စတင်ဖွင့်မည်) | တစ်ကျောင်းလျှင်၂၀ဦးဖြင့် ၁၀၀ဦး |

၂။ လျှောက်ထားလိုသူများသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသား၊ အခြေခံပညာမူလတန်းအောင်မြင်ပြီးသူများဖြစ်ရမည်။
(ခ) ၃၀–၁၁–၂၀၀၄နေ့တွင် အသက်(၁၆)နှစ်ပြည့်ပြီး (၂၅)နှစ်ထက်မကျော်စေရ။
(ဂ) အိမ်ထောင်မရှိသူဖြစ်ရမည်။
(ဃ) လွန်းရာကျချိတ်နှင့် ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်းများကို အမျိုးသမီးများသာ လျှောက်ထားခွင့်ရှိသည်။
(င) လက်ရက်ကန်းသင်တန်းအတွက် (ကျား) ၅ပေ ၁လက်မ၊ (မ) ၄ပေ ၁၁လက်မ အရပ်အမြင့်ရှိရမည်။
၃။ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည်။
၄။ လျှောက်ထားလိုသူများသည် အထက်ပါကျောင်းများနှင့်အောက်ဖော်ပြပါရုံးများတွင် စုံစမ်းလျှောက်ထားနိုင်သည်–
(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန် (၀၁–၆၆၁၃၅၃၊ ၀၁–၆၆၁၀၄၆၊ ၀၁–၆၆၃၈၅၄)
(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ၊ ရန်ကုန် အမှတ်၇၉၇၊ မဟာဗန္ဓုလလမ်း၊ ၁၂လမ်းထောင့်၊ လမ်းမတော်၊ ရန်ကုန် ၀၁–၂၂၂၂၃၅
(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ၊ မန္တလေး ၂၅လမ်းနှင့် ၈၁လမ်းထောင့်၊ မန္တလေးမြို့၊ ၀၂–၃၀၆၀၉။

## မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဂရင်းဝေး ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများလိုအပ်နေပါသည်–
(၁) လုပ်သားအရေအတွက် (၃၀)ဦး
(၂) တစ်နေ့အလုပ်ချိန် (၈း၀၀)နာရီ
(၃) အခြေခံလစာ တစ်နေ့(၁၂)ရင်းဂစ်
(၄) အချိန်ပိုလုပ်ခသည်သာမန်လုပ်ခနှုန်းထက် ၁ ဒသမ ၅ဆရရှိမည်။
(၅) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် မလေးရှားနိုင်ငံအလုပ်သမားဥပဒေအတိုင်းဖြစ်သည်။
(၆) အချိန်ကန့်သတ်ချက်–တစ်လအတွင်းလျှောက်ထားနိုင်ပါသည်။
(၇) ဝန်ဆောင်ခ ကျပ်ခြောက်သိန်းခွဲဖြစ်ပါသည်။
အသေးစိတ်သိလိုပါက ဂရင်းဝေး ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ၊ အမှတ် ၂၄၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၉၄၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကျေးဇူးဆပ်ပါမည်

၆–၁၁–၂၀၀၄ရက်တွင် ကြက်သွေးရောင် City Taxi Sunny Salon ကားပေါ်တွင် အိတ်တစ်လုံးကျန်ခဲ့ပါသည်။ တွေ့ရှိပါက တယ်လီဖုန်းအမှတ် ၀၉–၈၀–၂၀၄၄၂၊ ၀၉–၅၀–၁၉၄၄၀ သို့ အမြန်ဆုံး အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂**
**ဧရာဝတီတိုင်းတရားမရုံးတော်၌**
**၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၃၈နှင့်ဆက်သွယ်သည့် ၂၀၀၄ခုနှစ် တရားမဇာရီမှု အမှတ် ၂၀**

မန်နေဂျာ **နှင့်** ဒေါ်အမာကြည်
မြန်မာ့စီးပွားရေးဘဏ်
ဟင်္သာတမြို့။
**ဒီကရီအနိုင်ရသူ** **တရားရှုံး**
ဒေါ်အမာကြည် အမှတ် ၄၃၉၊ နတ်မော်လမ်း၊ ညောင်ပင်ဈေးရပ်၊ ဟင်္သာတမြို့။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၃၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂ ရက်(၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆုတ် ၆ရက်)နေ့ မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်မျိုးညွန့်**
**တွဲဖက်တိုင်းတရားသူကြီး**
**ဧရာဝတီတိုင်းတရားရုံး၊ ပုသိမ်မြို့။**


## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂**


## ဒေါ်စိန်စိန် (နတ်မော်၊ ဟင်္သာတ)
### အသက်(၆၁)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ နတ်မော်ရွာ၊ အမှတ် ၃၀ နေ (ဦးထွန်းလှ–ဒေါ်သန်းမြ)တို့၏သမီး၊ ဦးစိန်မောင်၏ဇနီး၊ ဦးမြစိုး (S.A.T၊ ယုံသလင်း)–ဒေါ်အေးအေးမူ(J.A.T၊နတ်မော်)တို့၏ အစ်မ၊ (ကိုသော်ဇင်ထွန်း)၊ ကိုဇော်လွင်ထွန်း – မစောသီတာညွန့် (သတင်းတပ်ဖွဲ့)၊ ကိုအောင်ကျော်မိုးတို့၏မိခင်၊ ကိုမျိုးအောင်သူ၊ ကိုဝေယံထွန်းတို့၏ ဒေါ်ဒေါ်ကြီး၊ မမေမြတ်ဘုန်းညွန့်၏ အဘွားသည် ၅–၁၁–၂၀၀၄ရက် နံနက် ၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇–၁၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် နတ်မော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်အုန်းကြွယ်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၁၊ ပိုးကရင်သာသနာ၀င်း၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်နေ (ဦးဘတုတ်–ဒေါ်နော်)တို့၏သမီးထွေး၊ (သိက္ခာတော်ရဆရာမန်းနိုက်)၏ဇနီး၊ နန့်အေးချို (Y.W.C. A)၊ နန့်အေးအေးချစ်(မြန်မာနိုင်ငံကျမ်းစာအသင်း)၊ မန်းပြည့်စုံ(မြန်မာနိုင်ငံ ကျမ်းစာအသင်း)–နန့်ဒက်ဖနီ၊ သိက္ခာတော်ရ ဆရာမန်းဂျူဗလီ(သင်းအုပ်ဆရာ)–နော်သွဲ့ထူး၊ မန်းမောင်မောင်ထွေး(နှစ်ခြင်းအသင်းချုပ်)–နော်မရီးနိုတို့၏မိခင်၊ နော်နားပီလေး၊ နန့်ရတနာ၊ စောဒီးနိုထူး၊ နန့်ထက်ထက်လင်း၊ Andrewတို့၏အဘွားသည် ၆–၁၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၇–၁၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ရူကီယာမူရာဒ်(ခ)
## ဒေါ်ခင်သန်းဝေ
### အသက်(၆၇)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အမှတ် ၁၆၊ စကားဝါလမ်းနေ (ဟာဂျီမူရာဒ်–ဒေါ်အုံးတင်) (စတားပုံနှိပ်တိုက်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အမှတ် ၄၊ ဘုရားလမ်းနေ (ဦးကာစင်–ဒေါ်စိန်မေ)တို့၏ချွေးမ [တကကက/စရ(ပ) ငြိမ်း] [ဟာဂျီအဗ္ဗဒူရ်ဟာကင်(ခ) ဦးခင်မောင်လတ်]၏ဇနီး၊ ဟာဂျီ အောင်ကျော်မိုး (B.Sc, Phy)–ဒေါ်သန်းသန်း(ခ)မပိုင်း၊ ဦးအာဇန်တီလီ–ဒေါ်ရီရီမြင့်၊ ဟာဂျီထွန်းထွန်းလတ်–ဒေါ်ယုယုသန်း (B.Sc, Phy)၊ မထွေးထွေးလတ်၊ ဦးထွဋ်ထိပ်–ဒေါ်ငွေငွေလတ်၊ မစီစီလတ်၊ မောင်သန်းထူးလတ်တို့၏မိခင်၊ မိုဟာမက်တီလီ–မစ်ဘာတီလီ၊ သူရထွန်း–ယွန်းဝတီထွန်း၊ လတ်ယမင်းထွဋ်တို့၏အဘွားသည် ၄–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့အဆွာရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

## ဒေါ်လှလှဝင်း
### အသက်(၄၉)နှစ်

အမှတ် ၅၄၄၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ(ဦးလှတင်–ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးသက်တင်)၏ဇနီး၊ ဦးသန်းထိုက်–ဒေါ်တင်စန်းရီ၊ (ဦးကျော်လှ)–ဒေါ်သန်းမေ၊ ဦးအေးအောင်၊ (ဦးမြမင်း)–ဒေါ်ဆွေဆွေမာတို့၏ညီမ၊ ဦးထွန်းထွန်းအောင်–ဒေါ်သန်းသန်းဦး၊ ဒေါ်အေးအေးမြင့်–ဦးဖိုးကူး၊ (ဦးသက်နိုင်ထွန်း)–ဒေါ်ဥမ္မာ၊ ဒေါ်ချိုမာ–(ဦးဖိုးထူး)တို့၏ အစ်မ၊ မောင်သက်ခိုင်၊ မောင်သက်နိုင်၊ မောင်သက်ပိုင်–မမြတ်ဆုဝင်း၊ မသဲစုအေး၊ မချောစုအေးတို့၏မိခင်၊ မောင်ဟန်ပိုင်ဝင်း၏အဘွားသည် ၅–၁၁–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

## လျောင်ပိန်းကျူ(ခ)ဦးအချွန်
### အသက်(၁၀၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ တိုက် ၂၈၊ အခန်း ၁ နေ (ဦးစံညွှန့်–ဒေါ်ဖွားတင့်)တို့၏သားသမက်၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်ခင်ထားအိ၊ ဒေါ်ကြည်ကြည်မြင့်(ဦးစီး/ရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ငြိမ်း)–ဦးညွန့်ဆွေ၊ ဒေါ်ကြည်ကြည်ငွေ–ဦးခင်ဝင်း၊ ဒေါ်မွေးမွေး–ဦးခင်မောင်တင့်တို့၏ဖခင်၊ ကိုဘုန်းကြည်ဆွေ(Carnival Shipping)၊ မတင်ထိုက်ထိုက်ဆွေ(ဒု–အကောက်ခွန်မှူး)၊ကိုမင်းကြည်ဆွေ(Pancon Shipping & Maring)၊ ကိုအောင်ဇေယျတင့်၊ မဆွေဇင်သက်၊ မစိုးစန္ဒာဝင်း၊ မသဲသဲဝင်းဆု၊ မသန့်ရည်ဝင်း၊ မောင်ငြိမ်းချမ်းထွန်း၊မဝင့်မြတ်နိုးအောင်တို့၏အဘိုးသည် ၆–၁၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း၊ဆွမ်း ဒါယိကာမကြီး
## ဒေါ်စော (ပျဉ်းမနားမြို့)
### အသက်(၉၈)နှစ်

(ဦးသိန်းညွန့်)–ဒေါ်ခင်မြိုင်၊ (ဦးတင်အောင်)–ဒေါ်ခင်လှိုင်၊ (ဦးအေးလွင်)–ဒေါ်ခင်ကြိုင်၊ (ဦးမောင်မောင်–ဒေါ်စန်း)၊ ဦးမြင့်အောင်–ဒေါ်အေးလှိုင်၊ ဦးသန်းထွန်း–ဒေါ်တင်တင်ရီ၊ ဦးတင်ဖေ–ဒေါ်စိုင်၊ ဦးညိုဝင်း–ဒေါ်ဖြူ၊ ဦးတွတ်–ဒေါ်ကြည်အေးတို့၏မိခင်၊ မြေး ၃၄ ယောက်၊ မြစ် ၃၅ ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၆–၁၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၁၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ချယ်ရီလမ်း (ဦးသိန်းညွန့်)–ဒေါ်ခင်မြိုင်တို့၏နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်တင်နု (ဝေါ၊ မြစ်ကျိုး)
### အသက်(၈၂)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ပုဂံရွာနေ (ဦးထွန်းရင်–ဒေါ်ငွေရင်)တို့၏ သမီး၊ (ဦးအေး) – ဒေါ်သန်းစိန်တို့၏ ညီမ၊ ရန်ကုန်မြို့၊ ရေကျော်လမ်း၊ အမှတ် ၂၉ နေ ဦးခင်ကြည်–(ဒေါ်မြကြည်)၊ ပဲခူးမြို့၊ ပန်းလှိုင် ၂၄ လမ်းနေ (ဦးဘငွေး)–ဒေါ်တင်မြ၊ ပဲခူးမြို့၊ မော်ကန် ၂ လမ်းနေ ဦးကြည်ဝင်း–ဒေါ်စန်းရင်တို့၏ အစ်မကြီး၊ မြစ်ကျိုးမြို့နေ ဦးခင်ညွန့်၏ ဇနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၄၃၃ နေ ဦးကြည်စိုး (မြန်မာ့အလင်း ပုံနှိပ်တိုက်)–ဒေါ်ရင်မြ (စာပေဗိမာန်)၊ မြစ်ကျိုးမြို့နေ ဦးဝင်းမြင့်၊ ဒေါ်ရင်မြင့်၊ မဝင်းဝင်းမော်တို့၏မိခင်သည် ၆–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့)တွင် မြစ်ကျိုးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂–၁၁–၂၀၀၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

## ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စိန်စိန် (သုဝဏ္ဏမြို့)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့၊ (၂၉) ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက်အမှတ် ၂၊ အခန်း အမှတ် ၁ နေ ဦးသန်းဝင်း–ဒေါ်မြင့်မြင့်စိန်၊ ဦးမြင့်ကို၊ ဒေါ်အေးအေးလှိုင်၊ ဦးကြည်ရွှင်– ဒေါ်ခင်နှင်းယု(ဒေါ်လာစားသောက်ဆိုင်)၊ဒေါ်ခင်နှင်းဝေဝေ၊ ဦးရဲအောင်–ဒေါ်သက်သက်ခိုင်၊ ဦးရဲတွတ်–ဒေါ်ခင်ဝင်းနိုင်၊ ဦးကြည်ထွဋ်လှိုင်–ဒေါ်ခင်စန်းရီ၊ ဦးတင်မောင်ငွေး၊ ဒေါ်ခင်မြတ်နိုးတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃–၁၁–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်စန်းလွင်(ခ)
## ဒေါ်ဗီရာကျော်
### အသက်(၅၄)နှစ်

ဦးကျော်(အကောက်ခွန်)–ဒေါ်စီတို့၏သမီးငယ်၊ ဦးတင်ရွှေ(လဝက)၏ဇနီး၊ ဒေါ်ရီတာကျော်၏ညီမ၊ မောင်ဇာလင်းမောက်ကျော်၊ မောင်သက်ဖုန်းမောက်ကျော်(မြန်မာ့မီးရထား၊ကလော)၏မိခင်၊ မအိအိထွန်း၏ အဒေါ်သည် ၅–၁၁–၂၀၀၄ရက် နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ခင် (ဒိုက်ဦး)
### အသက်(၉၂)နှစ်

ဒိုက်ဦးမြို့၊ သီရိသုခလမ်း၊ (၃) ရပ်ကွက်နေ ဦးဘိုးဟန်–ဒေါ်ငွေမျှင်တို့၏သမီး၊ ဒေါ်အမာရီ၊ (ရဲမှူးဦးထွန်းခင်၊ ငြိမ်း)၊ (ဒေါ်တင်တင်)တို့၏ညီမ၊ (ဦးဘမောင်၊ ဘားမားရှူး၊ ငြိမ်း)၊ ဒုရဲမှူးဦးထွန်းကြည်(ငြိမ်း)၊ ဒေါ်သန်းရွှေ၊ ဒေါ်လှရင်–ဦးလှမောင်တို့၏အစ်မ၊ ဒေါ်ခင်မကြီး၊ ကပ္ပတိန်ဦးတင်အေး(ငြိမ်း)၊ ဗိုလ်မှူးဒေါ်ခင်တိုး(ငြိမ်း)တို့၏ အဒေါ်သည် ၅–၁၁–၂၀၀၄ရက် (သောကြာနေ့) ၁း၅၅ နာရီတွင် တိုက် ၁၆၄၊ အခန်း ၆၊ အရှေ့ရန်ကင်း၊ ရန်ကုန်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေပိုင်းတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒေါ်အမာ(ခ)ဒေါ်တင်မြ
### အသက်(၈၇)နှစ်

လှိုင်သာယာမြို့နယ်၊ FMI City၊ ပိတောက်ဝါ ၄ လမ်း၊ B-42 နေ ဦးကျော်မြအောင် (မြန်မာ–အီးစီအိုင်ဖက်စပ်ကုမ္ပဏီလီမိတက်၊ ထွေ/ဂျာ)–ဒေါက်တာခင်နှင်းဆွေဦး၊စိုးညွန့်အောင်–ဒေါ်ခင်မြင့်မော်၊ ဒေါ်မြတ်မိုးအောင် (SAT၊ အထက–၆၊ မြောက်ဥက္ကလာ) တို့၏မိခင်၊ မယုယုအောင်၊ မောင်ရဲထွန်းမင်း၊ မောင်ဗညားအောင်၊ မောင်ကောင်းခန့်မင်းတို့၏အဘွားသည် ၅–၁၁–၂၀၀၄ရက် ည ၈း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၁၁–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

## ဘုရားရဟန်းကျောင်းဒါယကာကြီး
## ဦးလှ (သုံးခွ)
### စာရင်းစစ်မှူး(ငြိမ်း)(စာရင်းစစ်ချုပ်ရုံး)
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊သုံးခွမြို့နေ (ဦးရွှင်–ဒေါ်အေး)တို့၏သား၊ ဒေါ်ဝိုင်း၊ ဒေါ်တင်ရွှေ၊ ဒေါ်အုံးကြည်တို့၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊အမှတ်၂၃၊ အောင်ရတနာ၁လမ်း၊(၂၈)ရပ်ကွက်နေ ဒေါ်ထားရီ(သူနာပြုဆရာမကြီး၊ငြိမ်း၊ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ခင်ပွန်း၊ မောင်မျိုးသူ၊ မောင်လှိုင်မျိုးတို့၏ဖခင်သည် ၅–၁၁–၂၀၀၄ရက်(သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးကျင်စွမ့်(ခ)ဦးစွမ် (မြိတ်)
### အသက်(၆၇)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ အမှတ် ၁၈၅၊ ၄လမ်းနှင့်ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ၂လမ်း၊ အမှတ် ၄၈/၈(ပထပ်)နေ(ဦးထုံရှင်–ဒေါ်ရှို့)တို့၏သား၊ (ဦးဂွမ်ဟုန်)–ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်ဖွားမြင့်၏ခင်ပွန်း၊ မစန်းစန်းလှ၊ မစန်းစန်းဝင်း၊ ကိုသက်ဝင်း–မခင်ခင်မိုး(ခ)မနီနီ၊ မခင်ခင်မျိုး(ခ)မနီတွတ်၊ မငွေငွေဆွေ(ခ)ခိုင်သဇင်ဦးတို့၏ဖခင်၊မောင်ဝေယံမိုးခန့်တို့၏အဘိုးသည် ၅–၁၁–၂၀၀၄ရက် ညနေ ၄း၁၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့်မြိတ်အသင်းမှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

## ဒေါ်မြရီ
### အသက်(၉၃)နှစ်

မန္တလေးမြို့၊ ပိုက်ကျုံးရပ် (ဦးလှ–ဒေါ်တော်)တို့၏သမီး၊ (ဦးဘသန်း–ဒေါ်နွဲ့)တို့၏သမီးချွေးမ၊ (ဦးကိုကြီး)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် ၃(ခ)၊ အခန်း ၁၀၇နေ ဦးကျော်ညိုန်း (ဒုညွှန်မှူး၊ ငြိမ်း၊ ဘရေ)–ဒေါ်ခင်စိန်းလွင်(ခ)Selma Ko Gyi တို့၏မိခင်ကြီး၊ ဒေါ်သက်သက်ဝင်း(အထက–၃၊ ကမာရွတ်)၊ ဦးမောင်မောင်လွင်–ဒေါ်မိုးမမျိုး(Petronas)၊ ဦးတင်မောင်အေး–ဒေါ်ခိုင်မမတို့၏မေမေကြီး၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးရွှေတိုး (စနဲ၊ ကျောက်ဖြူ)
### အသက်(၉၁)နှစ်

ကျောက်ဖြူမြို့နယ်၊ စနဲကျေးရွာနေ (ဦးပွင့်–ဒေါ်စိန်ညို)တို့၏သား၊ (ဦးစိန်နက်)၊ (ဒေါ်ဖမြ)တို့၏ညီ/မောင်၊ (ဒေါ်သာညွန့်)၏ခင်ပွန်း၊ဒေါ်ငွေတင်၊(ဦးတင်သိန်း)–ဒေါ်ခင်ထွေး၊ ဦးတင်ကျော်၊ ဦးထွန်းရီ–ဒေါ်တင်နွဲ့၊ ဦးမြင့်မောင်–ဒေါ်တင်တင်ရွှေ၊ (ဦးယုကျော်)–ဒေါ်မော်မော်၊ (ဦးသိန်းဝင်း)–ဒေါ်တင်တင်ထွေးတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၅–၁၁–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁၁–၂၀၀၄ရက်တွင် စနဲသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရားရဟန်းဒါယကာကြီး
## ဦးကိုကိုကြီး
### ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
### စက်မှု(၁)ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား)
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၄၊ မင်းလမ်းနေ (ဦးဘဝင်း–ဒေါ်ဒေါ်ခက်)တို့၏သားကြီး၊ (ဦးအေးသွယ်–ဒေါ်သန်းသန်းနွယ်)၊ ဦးမြသန်း၊ ဒေါ်ညွန့်ညွန့်မေ၊ ဦးဇော်ညွန့်–ဒေါ်မြင့်မြင့်သန်း၊ (ဦးမောင်ညို)တို့၏ အစ်ကိုကြီး၊ ဒေါ်နန်းနော့ခါး၏ခင်ပွန်း၊ နန်းဟွမ်လျို(Caroline Leo)၊ ဦးမျိုးဦး–ဒေါ်နန်းဝိုးဟွမ်၊ ဦးစိုင်းစိုင်း–ဒေါ်ဇင်မာအောင်သန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၁၁–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းသန်းအေး
### B.Sc (Math)
### အမက(၂)အင်းစိန်
### အသက်(၄၀)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က–ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ ၂ လမ်း၊ အမှတ် ၄၀ နေ ဦးသောင်းဟန် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ခရိုင်မန်နေဂျာ၊ ငြိမ်း)–ဒေါ်ခင်ရီတို့၏သမီးလတ်၊ ဦးဝင်း(ငြိမ်း)–ဒေါ်ခင်မူအေးတို့၏သမီးချွေးမ၊ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ငြိမ်း(မှုခင်းမှတ်တမ်းတာဝန်ခံ)၏ဇနီး၊ မနှင်းအေးလင်း(စတုတ္ထတန်းအမက–၂၊ အင်းစိန်)၏မိခင်၊ ဦးမျိုးသန့် (မြောက်ပိုင်းခရိုင်စိုက်ပျိုးရေး)–ဒေါ်ခင်မာချို၊ ဦးတင်နု–ဒေါ်နီနီအေး၊ဦးချစ်နိုင်(တွဲဖက်ပါမောက္ခ၊ ကျိုင်းတုံ ဒီဂရီကောလိပ်)–ဒေါ်နီနီငြိမ်း(နီကိုးဟိုတယ်)တို့၏ညီမ၊ ဒေါ်နိုင်နိုင်အေး(ဇေကမ္ဘာကုမ္ပဏီ)၊ ဦးမောင်ဝင်း–ဒေါ်ဝါဝါငြိမ်းတို့၏အစ်မ၊ တူ ခုနစ်ယောက်၊ တူမ လေးယောက်တို့၏အဒေါ်သည် ၆–၁၁–၂၀၀၄ရက် (စနေနေ့) နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈–၁၁–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရားရဟန်းကျောင်းဒါယကာကြီး
## ဦးလှဖေ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ မေတ္တာလမ်း၊ တိုက် B°/°3 အခန်း ၁၀၁ နေ (ဦးစာရေး–ဒေါ်အေးမြ)တို့၏သား၊ (ဒေါ်သန်းရွှေ)၏ခင်ပွန်း၊ ဒေါ်ရင်စိန်(ဗဟိုစက်ပစ္စည်း၊ ငြိမ်း)၊ ဒေါ်ခင်ခင်စိန်(မြို့တော်စည်ပင်၊ ရေသန့်)၊ ဦးလှရီ(EX-Ro)၊ ဒေါ်မော်မော်ဝင်း(J.A.T၊ အမက–၆၊ ဗိုလ်တထောင်)၊ ဦးလှရွှေ(ဆိုင်စစ်ဆေးရေးမှူး၊ M.P.P.E)–ဒေါ်သက်နှင်းဦး (တရားရုံးချုပ်ရှေ့နေ)၊ ဦးလှကြည်–ဒေါ်လှလှအေး၊ ဦးဝင်းဇော်၊ ဒေါ်ခင်ပြုံးအေး၊ ဦးခင်မောင်ထွေးတို့၏ဖခင်၊ မစုလဲ့မွန် (ထ–၅၊ ဗိုလ်တထောင်၊ X Passed)၏အဘိုးသည် ၄–၁၁–၂၀၀၄ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၁၁–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ စောင်းတန်း၊အုတ်တံတိုင်းနှင့် ပြွန်တန်ဆာမြို့ အောင်တော်မူပရိယတ္တိ စာသင်တိုက်ကြီး၏ဒါယိကာမကြီး
## ဒေါ်သန်း
### အသက်(၈၈)နှစ်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ ဈေးပိုင်းရပ်နေ (ဦးပွ–ဒေါ်ကျင်မွှား)တို့၏သမီး၊ အောင်တော်မူပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဦးသုမန၊ အုတ်သျှစ်ကုန်းကျောင်းတိုက် ဆရာတော်ဦးအာနန္ဒ (သာသနဓဇမ္မောစရိယ–သာသနတက္ကသီလဓမ္မာစရိယ)တို့၏ ရဟန်းအမကြီး၊ ဒေါ်အုံးရင်၏ညီမ၊ ဦးမင်းအောင်–(ဒေါ်ကြွေကြွေသိန်း)၊ ဒေါ်နီ၊ ဦးစိုးလွင်–ဒေါ်မြမြဝင်း၊ ဦးမြင့်သိန်း–ဒေါ်ခင်အေးမြင့်တို့၏အစ်မကြီး၊ တူ တူမ ၁၄ ယောက်တို့၏ကြီးကြီးသည် နေအိမ်၌ ၅–၁၁–၂၀၀၄ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပြွန်တန်ဆာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအားအကြောင်းကြားပါသည်။
ကျန်ရစ်သူမိသားစု။

## ဦးနိုင်လွင်ဦး
### အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တိုက် ၁၂၊ အခန်း ၁၊ အနောက်ကြို့ကုန်းရိပ်သာနေ (ဗိုလ်မှူးငွေလွင်)–ဒေါ်သန်းရွှေတို့၏သားကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် 55-A၊ မဥ္ဇူလမ်းသွယ်(၁)၊ ပါရမီရိပ်သာနေ (ဦးမောင်မောင်)–ဒေါ်သိန်းညွန့်တို့၏ သားသမက်၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၅(ခြောက်လွှာ)၊ ကျောင်းကုန်းလမ်းနေ ဒေါ်စုစု(ရေနံသယ်ပို့)၏ခင်ပွန်း၊ မမြသီရိ[IX(A)၊ အထက–၃၊ ဒဂုံ]၏ဖခင်၊ ဦးသက်လွင်(2/0 LIZ Star Shipping Co. Ltd.)–Dr.နွယ်နွယ်သန်း (လက်ထောက်ကထိက၊ ဆေးဝါးဗေဒဌာန၊ မန္တလေးဆေးတက္ကသိုလ်)၊ ဦးဇော်လွင်ကြူး–ဒေါ်နီလာကျော်၊ဦးချိုလွင်မြူး(2/0 LIZ Star Shipping Co., Ltd.)–ဒေါ်ဝင်းဝင်းသန်း(ကထိက၊ ဓာတုဗေဒဌာန၊ ဘားအံ)၊ ဦးကြည်မိုးလွင်–ဒေါ်ဝင်းစန္ဒာစိန်၊ ဦးငွေးမြတ်လွင်(A/B LIZ Star Shipping Co. Ltd.)၊ ဒေါ်အေးမို့မို့လွင် (ILBC)၊ ဒေါ်ခိုင်လွင်နှောင်း (AWB. Bank)တို့၏အစ်ကိုကြီး၊ မောင်ဥက္ကာကျော်၊ မောင်ခိုင်ထူးဇော်၊ မကြည်စင်ရွှန်းသန့်၊ မောင်ပြည့်ဘုန်းခန့်၊ မောင်ရဲမိုးလွင်၊ မအိမ့်ကြည်ဖြူတို့၏ဘကြီးသည် ၅–၁၁–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁း၀၈နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက် ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။


**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** **R. 488**



## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်အား ပရိက္ခရာ ရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

# အာဆီယံနှင့်တရုတ်နိုင်ငံ ဒေသနှစ်ခုအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆက်ဆံမှုများ ကျယ်ပြန့်နက်ရှိုင်းလာမည် တရုတ်နိုင်ငံ၏ စီးပွားရေးတံခါးဖွင့်ဝါဒကျင့်သုံးခြင်းသည် အာဆီယံအတွက်ကြီးမားသောအခွင့်အလမ်းဖြစ် စီးပွားရေးအရတိုးတက်ပြီး လူမှုရေးအရသဟဇာတဖြစ်သောဒေသကြီးဖြစ်ပေါ်ရေး မြန်မာနိုင်ငံကပူးပေါင်းသွားမည် ကုန်ထုတ်မှုနယ်ပယ်၌ တရုတ်နှင့်အာဆီယံနိုင်ငံများ၏ ထပ်လောင်းရင်းနှီးမြှုပ်နှံမှု မြန်မာနိုင်ငံကကြိုဆိုလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသော တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသော တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

### တက်ရောက်

အဆိုပါ တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ဧည့်သည်တော်များအဖြစ် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombut၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Khiem၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✡



## မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်

**မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုမှာ တိုးတက် လျက်ရှိပြီး ၂၀၀၅ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ တိုးမြှင့်ရန် မိမိတို့ သဘောတူထား။**